မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရားခွဲတည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကိုသိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်

မုန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၂၄)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# ပဒေသာပင်မြေကြီးမှမပေါက်နိုင်၊ ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ ပဒေသာပင်ပေါက်နိုင်သဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို






ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၇

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊


**စာမျက်နှာ ၁၆ ကော်လံ ၁** ☆


## မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း


စာ-၃ သို့


## ရေချင်းဆက်...မြေချင်းဆက်...ဆက်နေသော ဥယျာဉ်နှစ်ခု


ဆောင်းပါး စာ-၁၂ သို့





# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်)

## ပညာရေးဆိုင်ရာအမျိုးသားရေးလုပ်ငန်းစဉ်

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ဉာဏစွမ်းရည်ကို ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်မှုကို အလေးထားဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။ နိုင်ငံတည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကောင်းမွန်သည့်အထောက်အပံ့များ ရရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများပေါ်ထွန်းလာရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်ကအားကိုးအားထားပြုနိုင်ပြီး ထူးချွန်ထက်မြက်သည့် လူငယ်များအဖြစ်ပေါ်ထွက်လာစေရန် နိုင်ငံတော်ကလူတိုင်းပညာသင်ယူနိုင်မည့် ဘက်စုံပညာရေးစနစ်ဖြင့်ဆောင်ရွက်ပေးနေသည့်အတွက် အပြည့်အဝရရှိအောင်သင်ယူကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူငယ်တို့၏အခန်းကဏ္ဍကို အစဉ်မြင့်မားနေစေရေး အထူးအလေးထားဆောင်ရွက်နေချိန်တွင် လူငယ်များကလည်း အားသွန်ခွန်စိုက်ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ အောင်မြင်မှုကိုရယူလိုသူတိုင်းကြိုးစားကြရမည်ဖြစ်သည်။ ကြိုးစားအားထုတ်မှုမရှိဘဲ မည်သည့်အောင်မြင်မှုမှပေါ်ထွန်းလာမည်မဟုတ်ပေ။ မိမိကိုယ်ကိုချစ်မြတ်နိုးတန်ဖိုးထားလျှင် မိမိဘဝတိုးတက်ရေးအတွက် ပညာကိုဆုံးခန်းတိုင်အောင်သင်ယူကြရမည်ဖြစ်သည်။ ဆုံးခန်းတိုင်အောင်ဟူသောစကားရပ်သည် သက်ဆိုင်ရာတက္ကသိုလ်အသီးသီးမှ အဆင့်မြင့်ဆုံးဘွဲ့များရရှိအောင် ကြိုးစားရမည်ကိုဆိုလိုခြင်းဖြစ်သည်။ အခြေခံအားဖြင့် အတန်းပညာရှိမှသာ အသိပညာနှင့်အတတ်ပညာရရန်လွယ်ကူမည်ဖြစ်သည်။ အသိပညာနှင့်အတတ်ပညာ ဟန်ချက်ညီမှသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတို့တွင် အားသာချက်များဖြစ်ပေါ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် **“ပညာရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးမှာ တစ်ခဏတာဖြင့် ပြီးမြောက်မည်မဟုတ်သည့်အပြင် တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်ရုံမျှဖြင့် အောင်မြင်နိုင်သည့် လုပ်ငန်းမျိုးမဟုတ်ဘဲ နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပါဝင်မှသာ ပြီးမြောက်အောင်မြင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် စိတ်ရှည်သည်းခံဖွဲ့သန်သန်ဖြင့် စွန့်လွှတ်အပင်ပန်းခံကာကြိုးစားမှ အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်ကဘက်ပေါင်းစုံမှ အားပေးကူညီထောက်ပံ့လျက်ရှိသကဲ့သို့ တာဝန်ရှိသူအသီးသီးနှင့် ပြည်သူအားလုံးမှတက်ညီလက်ညီ ပူးပေါင်းပါဝင်ရန်လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေး မျှော်မှန်းဆောင်ရွက်နေသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးကသိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်”** ဟူ၍ဖော်ပြပါရှိသည်။

ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာနေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့မှာ တိုင်းပြည်သာယာဝပြောခြင်းဖြစ်သည်။ တိုင်းပြည်သာယာဝပြောရေးကို နိုင်ငံတော်အစိုးရက ဦးဆောင်လမ်းပြလျက်ရှိရာ ပြည်သူတစ်ရပ်လုံးက ကျရာနေရာမှ ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ပညာသင်ကြားနိုင်ခြင်းဆိုသည်တွင် မိဘများသည်အဓိကဖြစ်သည်။ မိမိတို့၏ရင်သွေးငယ်များကို အမှန်တကယ်ချစ်မြတ်နိုးတန်ဖိုးထားပါလျှင် ကျောင်းနေအရွယ်ကလေးအားလုံးကို ကျောင်းထားပေးရပါမည်။ သားသမီးများကိုမွေးဖွားသည်မှ လူလားမြောက်သည့်အချိန်အထိ ပညာရေး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် စည်းကမ်းစနစ်ရှိအောင်သွန်သင်ဆုံးမပေးကြရမည်ဖြစ်သည်။

မိဘတိုင်းက မိဘတို့၏တာဝန်ကိုကျေပွန်ကြသလို ဆရာ၊ ဆရာမများကလည်း တာဝန်ကိုကျေပွန်စွာ စေတနာ၊ ဝါသနာ၊ အနစ်နာဟူသောနာသုံးနာနှင့် ထမ်းဆောင်ကြရမည်ဖြစ်သည်။ ဆရာကောင်းတစ်ဦးဖြစ်ရမည့် အချက်များနှင့်ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုးထမ်းသယ်ပိုးမည့် အနာဂတ်နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်လှသည်။ ပညာကွင်းဆက်တစ်လျှောက်တွင် ကျောင်းသား၊ ကျောင်းသူတို့နှင့်အနီးကပ်၊ အချိန်ကြာကြာရှိနေသည်မှာ ဆရာ၊ ဆရာမများသာဖြစ်သည်။ ဆရာ၊ ဆရာမတို့၏နှုတ်ထွက်စကား၊ သင်ကြားပို့ချမှုများမှာ တပည့်တို့အတွက် ဆရာကောင်းတပည့် ပန်းကောင်းပန်သူများဖြစ်သွားနိုင်သကဲ့သို့ “ဆရာလွှတ်တော့ ရိုင်း၊ မျဉ်းလွှတ်တော့ကိုင်း” ဆိုသည့်ပုံပမာဖြစ်သွားနိုင်သည်။ မျဉ်းကြောင်းကိုအားမကိုးဘဲစာရေးလျှင် စာကြောင်းများမဖြောင့်မတန်းဖြစ်တတ်သကဲ့သို့ ဆရာကောင်းကို မမှီဝဲမဆည်းကပ်သူသည် ရိုင်းစိုင်းတတ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်မှာ ပညာရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်တွင် အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပူးပေါင်းပါဝင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။




## ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစုံ ဧက ၄၃၀၀၀ ကျော်စိုက်ပျိုးပြီးစီး

ကျွန်းလှ နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပြီး ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ဧက ၄၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် ဆောင်းရာသီတွင် နှမ်းစပါး ၁၆၆ ဧက၊ ပဲမျိုးစုံ ၁၉၇၉၃ ဧက၊ ဆီထွက်သီးနှံ ၃၄၈၆၄ ဧက၊ စားဖိုဆောင်သီးနှံရှစ်ဧက၊ အခြားသီးနှံ ၂၅၀၅ ဧက စုစုပေါင်း ၅၇၃၃၆ ဧက စိုက်ပျိုးရန်လျာထားသည်။

“ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးဖို့ ၅၇၃၃၆ ဧက လျာထားပြီး လက်ရှိအချိန်ထိ ၄၃၆၈၈ ဧက (၇၆ ဒသမ ၂၀) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ ချောင်းရေနဲ့ မြေအောက်ရေတင်စိုက်ပျိုးကြပါတယ်။ လျာထားချက်ပြည့်မီကျော်လွန်ရန်၊ သီးထပ်၊ သီးညှပ် စိုက်ပျိုးကြရန် တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်၌ ယနေ့အထိ ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲမျိုးစုံဧက ၁၂၀၈၀၊ ဆီထွက်သီးနှံ ၃၀၁၇၆ ဧက၊ အခြားသီးနှံ ၁၄၃၂ ဧက စုစုပေါင်း ၄၃၆၈၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၆:၀၃ | တရားတော် |
| ၃။ | ၀၇:၂၅ | ဓမ္မပူဇာတေး |
| ၄။ | ၀၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၀၇:၄၅ | မျိုးချစ်တပ်မတော် |
| ၆။ | ၀၇:၅၀ | မြန်မာ့ရှုခင်း |
| ၇။ | ၁၀:၁၀ | မြစ်ကျဉ်းသုံးသွယ် အပိုင်း(၂) |
| ၈။ | ၁၁:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၉။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၁၀။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွေး မြန်မာတိုင်းရင်းဆေး |
| ၁၁။ | ၁၁:၅၅ | သီချင်းလက်ဆောင် |
| ၁၂။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၁၃။ | ၁၃:၄၀ | ခရီးလည်းသွားစကားလည်းဆို |
| ၁၄။ | ၁၆:၁၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၁၅။ | ၁၆:၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၆။ | ၁၆:၅၀ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၁၇။ | ၁၇:၅၀ | စာဆိုစစ်သည်ကလောင်ရှင်များ |
| ၁၈။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၉။ | ၁၈:၁၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၂၀။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာအခန်းကဏ္ဍ အပိုင်း(၁၃)** |
| ၂၁။ | | ဒို့တာဝန်အရေး(၃)ပါး |
| ၂၂။ | | အတွေးအမြင် |
| ၂၃။ | | တရားတော် |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်**
**၅၇/၂၀၂၄)**
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ထ) **အသင်း**ဆိုသည်မှာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားသော စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကို ဆက်ခံသည့်အဖွဲ့အစည်းကိုဆိုသည်။"

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ် — ဥက္ကဋ္ဌ
(ခ) ဒုတိယစာရင်းစစ်ချုပ် — ဒုတိယဥက္ကဋ္ဌ(၁)
(ဂ) အသင်းဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ(၂)
(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်များ — အဖွဲ့ဝင်
(င) ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် — အဖွဲ့ဝင်
(စ) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်
(ဆ) ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
(ဇ) ညွှန်ကြားရေးမှူးချုပ်၊ စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — အဖွဲ့ဝင်
(ဈ) စီးပွားရေးတက္ကသိုလ်များမှ ၃ ဦးထက်မပိုသော ပါမောက္ခချုပ်များ — အဖွဲ့ဝင်
(ည) အသင်းမှ ကိုယ်စားလှယ် ၉ ဦး — အဖွဲ့ဝင်
(ဋ) ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် — အဖွဲ့ဝင်
(ဌ) ၅ ဦးထက်မပိုသော သင့်လျော်သည့် နိုင်ငံသား စာရင်းပညာရှင်များ — အဖွဲ့ဝင်
(ဍ) ညွှန်ကြားရေးမှူးချုပ် (အမြဲတမ်းအတွင်းဝန်)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — အတွင်းရေးမှူး
(ဎ) ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး — တွဲဖက်အတွင်းရေးမှူး(၁)
(ဏ) အသင်းအတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး(၂)"

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၂ တွင်-

(က) ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(ဆ) ကောင်စီတွဲဖက် အတွင်းရေးမှူး(၁) — တွဲဖက်အတွင်းရေးမှူး(၁)"

(ခ) ပုဒ်မခွဲ(ဆ)၏နောက်၌ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"(ဇ) ကောင်စီတွဲဖက် အတွင်းရေးမှူး(၂) — တွဲဖက်အတွင်းရေးမှူး(၂)"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# (၁၃)ကြိမ်မြောက် In Person–Virtual စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၄)တွင် (၁၃)ကြိမ်မြောက် In Person – Virtual စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင်ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးခင်မောင်ကြီး တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ Video Conferencing ဖြင့် အထက်တန်းရှေ့နေ ၂၀၄ ဦး တက်ရောက်ကြပြီး နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးမြို့တို့မှ အထက်တန်းရှေ့နေ ၅၅ ဦးတို့ ကိုယ်တိုင်တက်ရောက်ကြကာ အထက်တန်းရှေ့နေ စုစုပေါင်း ၂၅၉ ဦးတို့ကို တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပြီး တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးမှ တာဝန်ရှိသူများ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်း ပြည်ပခရီးသွားများသွားလာနေထိုင်သည့်နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းဆောင်ရွက်ရန်သုံးသပ်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်တွင်း ပြည်ပခရီးသွားများသွားလာနေထိုင်သည့်နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် အချက်အလက်များအရ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါ၊ ကင်ဆာရောဂါအစရှိသည့် Non Communicable Diseases ခေါ်သည့် မကူးစက်နိုင်သောရောဂါများကြောင့် နှစ်စဉ်လူဦးရေ ၄၁ သန်းကျော် သေဆုံးနေရကြောင်း၊ သေဆုံးမှုများသည် တစ်ကမ္ဘာလုံးတွင် သေဆုံးမှုများအားလုံး၏ ၇၄ ရာခိုင်နှုန်းကျော်ရှိနေသည်ကိုတွေ့ရှိရပြီး အရွယ်မတိုင်မီသေဆုံးမှုများအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာများစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းနှင့် လေထုညစ်ညမ်းခြင်းသည် မကူးစက်နိုင်သောရောဂါများဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်၍ရသည့် အကြောင်းရင်းများဖြစ်သည်ကိုလည်းတွေ့ရှိရကြောင်း။

၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားနိုင်ခြေကို လေ့လာဆန်းစစ်ခြင်း သုတေသနအရ မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးသူ ၂၆ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရှိရကြောင်း၊ ယခု ၂၀၂၄ ခုနှစ်တွင် အဆိုပါလေ့လာဆန်းစစ်ခြင်းသုတေသနကို ထပ်မံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပခရီးသွားများစွာ သွားလာနေထိုင်သည့်နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် တက်ရောက်လာကြသူများမှ ဆွေးနွေးသုံးသပ်ခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းနှင့်အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ Myanmar Hotelier Association၊ အရှေ့တောင်အာရှ ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးဆိုင်ရာမဟာမိတ်အဖွဲ့နှင့်ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

"ချီလေတဲ့ ချီလေ၊ ဤမြေမှ ဟိုတောင်တန်း ပျံသန်းလို့သာ ချီပါလေ"

"ဘာလဲ ဆရာမက သီချင်းဆိုပေးမလို့လား"

ဆရာမ ဒေါ်အေးကြည်ခိုင်ဆီက သီချင်းသံလေးကြား၍ ကျွန်တော်စလိုက်သည်။

"ဆရာကြီးရယ် ကျွန်မကလေးတွေ ခေါက်တုံ့ခေါက်ပြန် မြေသယ်နေကြတာ ကြည့်နေရင်း အဲဒီသီချင်းလေး သွားသတိရလို့ပါ"

"ဟာ ဆရာမ ဘယ်ဆိုးလို့တုန်း အတွေးအခေါ်လေးနက်ပါတယ်၊ စာရေးရင် အောင်မြင်နိုင်တယ်၊ အဲဒါ ပျားကောင်လေးတွေ ခေါက်တုံ့ခေါက်ပြန် ဝတ်ရည်သယ်ယူစုဆောင်းနေကြတဲ့ သဘောကို တင်စားလိုက်တာလေဗျာ"

"တို့ကတော့ ပန်းပွင့်တို့၊ ဝတ်မှုန်တို့ မသိဘူးဟေ့"

ဆရာဦးသန်းမြင့်က ကျွန်တော်တို့ကို ရယ်ရင်းပြောလိုက်သည်။

"ဆရာက အိမ်ထောင်သည်ပဲ ကျွန်မတို့ထက် အလုပ်ပိုလုပ်ရမှာပေါ့"

ဆရာမ ဒေါ်ဆန်းရွှေက စလိုက်သည်။

"ဆရာကြီးရေ...မြေတော်တော်ပြည့်သွားပြီဗျ၊ တို့က ၁၀ ရက်လောက် ဖို့ရမယ်ထင်တာ၊ ဒီအတိုင်းဆို ငါးရက်လောက်နဲ့ ပြီးနိုင်တယ်"

"ခုလို ညီညီညွတ်ညွတ်နဲ့ စုပေါင်းလုပ်ကိုင်တော့ ပြီးလွယ်တာပေါ့ ဥက္ကဋ္ဌကြီးရာ"

"ဒီမှာဟေ့ ဒီမှာ ကောက်ညှင်းပေါင်းကောက်ညှင်းပေါင်း"

**"ဆရာ၊ ဆရာမများ ကိုယ့်အခန်းလေးနှင့်ကိုယ် နှစ်ယောက်တစ်တွဲစီနေကြသည်။ ဆရာ၊ ဆရာမများကို ဆန်ပေးနိုင်ရန် အုပ်ချုပ်ရေးမှူးကို တောင်းဆိုထား၍ အဆင်ပြေသွားသည်။ ထင်းမီးဖြင့် ထမင်းဟင်းချက်ကြရသဖြင့် ကျောင်းသားလေးများက ထင်းချောင်း တစ်ချောင်းစီ ယူလာပေးကြသည်။ ကျွန်တော့်မှာ ဆရာ၊ ဆရာမများ အဆင်ပြေနေကြသည်ကိုတွေ့၍ ရင်ထဲမှာ ကျေနပ်နေမိပေတော့သည်. . ."**

အသံလာရာဘက်သို့ လှမ်းကြည့်လိုက်ကြ၏။

"ဘာလဲ ဒေါ်ရွှေသာမနဲ့ ဒေါ်ခိုင်သာလှတို့ ကောက်ညှင်းပေါင်း လာရောင်းကြတာလား"

"ဘယ်ကနေ ကျွေးတာတော့ ကျွေးတာ၊ စေတနာကောက်ညှင်းပေါင်း၊ မေတ္တာကောက်ညှင်းပေါင်း၊ မြေတူး၊ မြေသယ်ကြတဲ့လူတွေအတွက် လာကျွေးကြတာလေ"

"ဟာ အရီးကြီးက တကယ်တော်တာပဲဗျာ၊ ဘာဆုမှ တောင်းစရာမလိုဘူးဗျ၊ ခုလို ဗိုက်ဆာနေတုန်း လာကျွေးတာ အရမ်းကုသိုလ်ရသွားပြီ"

ကျောင်းသားမိဘ ကိုခင်ထွန်းက အားရဝမ်းသာ ဝင်ပြောလိုက်သည်။ ဒေါ်ရွှေသာမနှင့် ဒေါ်ခိုင်သာလှတို့မှာ အငွေ့တထောင်းထောင်းထနေသော ကောက်ညှင်းပေါင်းကို ငှက်ပျောဖက်လေးဖြင့်ထုပ်ပြီး တစ်ယောက်ချင်းစီ ဝေငှပေးကြသည်။

"ပေးပါ ဒေါ်ခိုင်သာလှ ကျွန်တော်ပါ လိုက်ဝေပေးမယ်"

ကလေးတွေဆီက မြေတောင်းလေးများကို လှမ်းယူပြီး လိုအပ်သည့်နေရာတွင် မြေလိုက်ထည့်ပေးနေသောနေရာမှ ကျွန်တော် ကောက်ညှင်းပေါင်းထုပ်လေးများကို လိုက်ဝေပေးလိုက်၏။

"ဟာ ဆရာကြီး...မလုပ်ပါနဲ့ အားနာစရာကြီး"

"ရပါတယ်လေ၊ ဒီနေရာက အားနာရမယ့်နေရာမဟုတ်ဘူး၊ ကျွန်တော်ပါ ဒေါ်ရွှေသာမတို့နဲ့အတူ ကုသိုလ်ရသွားတာပေါ့ မဟုတ်ဘူးလား"

အားလုံး ကျေကျေနပ်နပ်ရယ်လိုက်ကြသည်။ သရက်တောင်ရွာ၏လုပ်အားပေးပွဲခင်းလေးကမူ နောက်ခံရွာတောင်တန်းကြီးအလှနှင့် သဘာဝကျလှပေသည်။

နွေကျောင်းပိတ်ရက် နှစ်လအတောအတွင်းမှာပဲ အ.မ.က သရက်တောင် (မြောက်) နှင့် ခပ်လှမ်းလှမ်းရေကန်ပျက်ကြီးမှာ ဆရာ၊ ဆရာမတွေ တည်းခိုနေထိုင်နိုင်သည့် နေအိမ်တန်းလျားတစ်ခု ဖြစ်ခဲ့ရလေပြီ။ ကျွန်တော်သည် ကျောင်းအားရက်များဆို နေအိမ်တန်းလျား ဆောက်လုပ်နေကြသည့်နေရာတွင်ရောက်နေတတ်သည်။ လုပ်စရာရှိတာ ဝင်လုပ်သည်။ ရွာသားများလည်း အားအားရှိလျှင် ဝင်ကူကြသည်။ လုပ်ကြ၊ ကိုင်ကြ၊ ကူညီကြနှင့် အားရစရာကြီးပေတည်း။

အဆောက်အအုံ ပျက်စီးသွားတော့ ကျွန်တော်ပဲ အထွေထွေလုပ်သားနှင့်အတူ ဝင်းခြံရက်သည်၊ ဝင်းခြံကာသည်။ မြေလပ်မြေလွတ်မကျန်အောင် စားပင်၊ သီးနှံပင်များစိုက်သည်။ အချိန်တိုတိုနှင့် သီးနိုင်သည့် ငှက်ပျောပင်၊ သဘော်ပင်များ စိုက်သည်။ တန်းလျားရှေ့မြေကွက်လပ်လေးတွင်တော့ မိုးဦးကျဖြစ်၍ ခဝဲပင် စိုက်ပြီး ဝါးနီးစင်ခံထားလိုက်သည်။ ပွင့်လင်းရာသီ ခဝဲပြီးလျှင် ဘူးစိုက်မည်။

ဆရာ၊ ဆရာမများ ကိုယ့်အခန်းလေးနှင့် ကိုယ် နှစ်ယောက်တစ်တွဲစီနေကြသည်။ ဆရာ၊ ဆရာမများကို ဆန်ပေးနိုင်ရန် အုပ်ချုပ်ရေးမှူးကို တောင်းဆိုထား၍ အဆင်ပြေသွားသည်။ ထင်းမီးဖြင့် ထမင်းဟင်းချက်ကြရသဖြင့် ကျောင်းသားလေးများက ထင်းချောင်းတစ်ချောင်းစီ ယူလာပေးကြသည်။ ကျွန်တော့်မှာ ဆရာ၊ ဆရာမများ အဆင်ပြေနေကြသည်ကိုတွေ့၍ ရင်ထဲမှာ ကျေနပ်နေမိပေတော့သည်။

● ● ● ● ● ● ●

နွေဦးမနက်ခင်းသည် ကျေးလက်သဘာဝနှင့် လိုက်လျောညီထွေစွာ သာယာလှပနေသည်။

ဆရာဦးတင်အောင်မြင့်၊ ဆရာဦးတင်နု၊ ဆရာမ ဒေါ်ခင်သက်ထားနှင့် ဒေါ်အေးကြည်ခိုင်တို့ ဆရာတော်ကျောင်းပေါ်သို့ ရောက်လာကြသည်။ ဆရာတော်ကို ရှိခိုးလိုက်ကြ၏။

"ဆရာ၊ ဆရာမတွေပါလား"

"တင်ပ့ါဘုရား၊ တပည့်တော်တို့ခြံထွက် သီးနှံပင်မှည့်တွေ ဆရာတော်ကို လာလှူကြတာပါဘုရား"

ဆရာ၊ ဆရာမများက ငှက်ပျောခိုင်နှင့် သဘော်သီးမှည့်များကို ဆရာတော်လက်သို့ ကပ်လိုက်ကြသည်။

"ဟာ အသီးတွေ ထွားလိုက်တာ ဘယ်ကရလာကြတာလဲ"

"တင်ပ့ါဘုရား၊ ပင်မှည့်ငှက်ပျောပါ၊ ခုပဲခုတ်လာကြတာပါ၊ သဘော်သီးကလည်း ခုပဲ ခူးလာတာပါဘုရား"

"ဒကာတို့မှာ အပင်ရှိကြလို့လား"

"ဒီလိုပါဘုရား...မနှစ်က ဒီလိုအချိန်ပါပဲ၊ ရွာအရှေ့ပိုင်းက ကန်ပျက်ကြီးကို မြေတွေဖို့ပြီး တပည့်တော်တို့ ဥုံသည် ဆရာတွေအတွက် အိမ်တန်းလျားလေး ဆောက်လုပ်ကြပါတယ်"

"အေး အေး ကြားလိုက်တယ်၊ ကြားလိုက်တယ်"

"ဒီနေရာမှာပဲ ဆရာကြီးဦးဘညွန့်က အပင်တွေစိုက်တယ်၊ ဝင်းတွေ၊ ခြံတွေကိုတော့ တပည့်တော်တို့နဲ့ပဲ ဝိုင်းလုပ်ကြတာပေါ့ ဆရာတော်ဘုရား"

"ဖို့မြေတွေဆိုတော့ အပင်တွေ အရမ်းဖြစ်တာလေ၊ ခု အသီးတွေ ဦးဆုံးမှည့်တာ အဲဒါ ဆရာတော့်ဆီ လာလှူတာပါဘုရား"

**ဆက်လက်ဖော်ပြပါမည်။**

## တံတားမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် တံတားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျပန်းစကားပြောပြိုင်ပွဲကို နိုဝင်ဘာလ ၂၇ ရက်တွင် တံတားမြို့ အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်က အဖွင့်အမှာစကားပြောကြားပြီး တံတားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးဖြူလွင်က ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်သိန်းက ကျေးဇူးတင်စကားပြောကြားကာ အကဲဖြတ်အမှတ်ပေးခေါင်းဆောင် တံတားမြို့ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲတွင် Grade–10 မှ မောင်အောင်ဘုန်းပြည့်ကျော်က စာပေမြင့်မှလူမျိုးတင့်မည် ခေါင်းစဉ်ဖြင့် ပထမဆု၊ Grade–10 မှ မဆုဘုန်းပြည့်က ကျန်းမာခြင်းသည် လာဘ်တစ်ပါးခေါင်းစဉ်ဖြင့် ဒုတိယဆု၊ Grade – 11 မှ မောင်ရာဇာဆက်ပိုင်ညွန့်က အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် တတိယဆုတို့ကို အသီးသီးရရှိခဲ့ပြီး ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

## ကော့မှူးမြို့နယ်၌ ဆောင်းသီးနှံနေကြာမျိုးစေ့များနှင့် ပိုက်ဆန်လျှော်မျိုးစေ့ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး၍ တောင်သူများအား ဆောင်းသီးနှံနေကြာမျိုးစေ့များနှင့် ပိုက်ဆန်လျှော်မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၆ ရက်က မကျီးကန်ကျေးရွာမှ တောင်သူဒေါ်သန်းသန်းဦး၏လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်က တောင်သူများအား နေကြာမျိုးစေ့နှင့်ပိုက်ဆန်လျှော်မျိုးစေ့ပံ့ပိုးပေးရခြင်း၏ရည်ရွယ်ချက်များ၊ စိုက်ပျိုးရန်နည်းလမ်းကောင်းများ၊ မျိုးရွေးချယ်ပုံများ စိုက်ပျိုးရေးဆိုင်ရာအသိပညာများ စသည့်အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းထွန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများထံ မျိုးစေ့များပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မကျီးကန်ကျေးရွာမှ ကွင်းအမှတ် (၃၀၃) ဦးပိုင်အမှတ် (၄၀/၁) ဧရိယာ ၁ ဒသမ ၀၇ ဧကရှိ တောင်သူဒေါ်သန်းသန်းဦး၏လယ်မြေ၌ မိုးစပါးစံပြကွက်ကို ရိတ်သိမ်းခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက တောင်သူများအား စိုက်ပျိုးရေးနှင့်ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲနှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးနှင့်နှစ်နိုင်ငံအကြား ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

## မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ကချင်ယူနိုက်တက်အသင်း၊ Glory Goal အသင်းနှင့် ချင်းလန်းအသင်းတို့နိုင်ပွဲရရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ကချင်ယူနိုက်တက်အသင်း၊ Glory Goal အသင်းနှင့် ချင်းလန်းအသင်းတို့နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ စလင်းအားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီ ရိန်းဂျားအသင်းတို့ကစားခဲ့ရာ ကချင်ယူနိုက်တက်အသင်းက ၇ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ ပဒုမ္မာအားကစားကွင်း၌ Glory Goal အသင်းနှင့် ငွေကြယ်ပွင့်လေးများအသင်းတို့ ကစားခဲ့ရာ Glory Goal အသင်းက ၃ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး Glory Goal အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၇ မိနစ်တွင် စိုင်းကောင်းခန့်၊ ပွဲချိန် ၅၆ မိနစ်တွင် နိုင်လင်းဖြိုးနှင့် ပွဲချိန် ၉၂ မိနစ်တွင် ဝင်းဌေးတို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃နာရီတွင်ရန်ကုန်မြို့ရှိ တက္ကသိုလ်အားကစားကွင်း၌ ချင်းလန်းအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ချင်းလန်းအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချင်းလန်းအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃ မိနစ်တွင် ဟိန်းထက်ဖြိုး၊ ပွဲချိန် ၄၅ မိနစ်နှင့် ၈၅ မိနစ်တို့တွင် လှဖုန်းဦးတို့က သွင်းယူပေးနိုင်ခဲ့ကြကြောင်း သိရသည်။

**စည်သူအောင်**

## နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း/ အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း/အားကစားရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ပိုက်ကျော်ခြင်းပြိုင်ပွဲကွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ နောက်ခံဆိုင်းဘုတ်ဗီနိုင်း တပ်ဆင်ထားရှိမှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလံများ



တပ်ဆင်ပြီးစီးမှုနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ လျှာထိုးကြမ်းခင်း ခင်းကျင်းပြီးစီးမှု အခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အလေးမအားကစားရုံ၊ လက်ဝှေ့အားကစားရုံ၊ ဘိလိယက်နှင့် စနူကာအားကစားရုံ၊ တင်းနစ်ပြိုင်ပွဲကွင်း၊ အားကစားလေ့ကျင့်ရေးခန်းမ (၃)တွင် ကရာတေးဒို၊ တိုက်ကွမ်ဒိုပြိုင်ပွဲရုံများ၏ ပြိုင်ပွဲ ကွင်း/ ပြိုင်ပွဲရုံ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပိုက်ကျော်ခြင်း အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် လစ်ဟင်းမှုများမရှိစေရေး၊ အမျိုးသားအားကစားပွဲတော် အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်းအလိုက် အားကစားပြိုင်ပွဲများတွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၌ အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၂၅၀၀ ကျော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၌ အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၆၆၀၀ ကျော်၊ မသန်စွမ်းအားကစားနည်းလေးနည်း၌ အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၁၄၀ ကျော် စုစုပေါင်းအင်အား ၉၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပွင့်ဖြူမြို့နယ်၌ ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးများလှိုင်လှိုင်ခူးဆွတ်ရောင်းချနေရ

ပွင့်ဖြူ နိုဝင်ဘာ ၂၇


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မုန်းချောင်းရေနှင့် မြေအောက်ရေကို အသုံးပြု၍ ဒေသခံတောင်သူများစိုက်ပျိုးထားသော ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးများလှိုင်လှိုင်ခူးဆွတ်ရောင်းချနေရကြောင်း သိရသည်။

"ဒီနှစ် ပွင့်ဖြူမြို့နယ်မှာ မုန်းချောင်းရေနဲ့ မြေအောက်ရေကိုအသုံးပြုပြီး ခရမ်းချဉ်စိုက်ပျိုးကြတဲ့တောင်သူတွေ ဈေးကောင်းရရှိလို့ လုပ်ငန်းအဆင်ပြေကြပါတယ်။ စိုက်ပျိုးရေအဆင်ပြေလို့ ခရမ်းချဉ်စိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းပြီး အသီးတွေ လှိုင်လှိုင်ခူးဆွတ်ရောင်းချနေရပါတယ်။ အရင်တုန်းက ခရမ်းချဉ်ကို မိရိုးဖလာစိုက်ပျိုးခဲ့ကြပေမယ့် အခုချိန်မှာ ပြောင်းလဲတိုးတက်လာတဲ့ စိုက်ပျိုးရေးနည်းစနစ်တွေကိုလေ့လာပြီး အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးရာမှာလည်း စားသုံးသူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်တွေနဲ့အညီ စိုက်ပျိုးတာဖြစ်လို့ ထွက်ရှိလာတဲ့ သီးနှံတွေက သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးလည်း ကောင်းပါတယ်။ လက်ရှိမှာ ခရမ်းချဉ်သီးက ဈေးကောင်းရရှိလို့ စိုက်ပျိုးတောင်သူတွေ အဆင်ပြေကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် နေ့စဉ်ဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြသည်။ ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများကို စိုက်နည်းစနစ်မှန်ကန်စေရေးနှင့် အာဟာရပြည့်ဝသောဟင်းသီးဟင်းရွက်များ စိုက်ပျိုးရောင်းချနိုင်စေရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အခမဲ့ဖြန့်ဖြူးပေးခြင်းအပြင် ထွက်ရှိလာသောသီးနှံများ အစားအစာဘေးကင်းလုံခြုံရေးအတွက် GAP နည်းစနစ်နှင့်အညီ စနစ်တကျစိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းတွင် ခရမ်းချဉ်မှာ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချရာတွင် ယခင်နှစ်ကထက် ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | -၁ °C |
| ပြင်ဦးလွင် | ၇ °C |
| တီးတိန် | ၇.၄ °C |
| ပူတာအို | ၈.၈ °C |
| ဟဲဟိုး | ၉.၅ °C |
| မြစ်ကြီးနား | ၉.၈ °C |
| နမ့်စန်<br>(ရှမ်းပြည်တောင်ပိုင်း) | ၁၀.၇ °C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကိုကိုးကျွန်း | (၀.၃၉)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၀ | ၂၇ |
| ရှမ်း(မြောက်) | ၁၂ | ၂၈ |
| ရှမ်း(အရှေ့) | ၁၇ | ၂၇ |
| ရှမ်း(တောင်) | ၁၂ | ၂၅ |
| ချင်း | ၃ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၅ | ၂၉ |
| စစ်ကိုင်း(အောက်) | ၁၇ | ၃၁ |
| နေပြည်တော် | ၂၀ | ၃၁ |
| မန္တလေး | ၁၈ | ၃၁ |
| မကွေး | ၁၆ | ၃၀ |
| ရခိုင် | ၁၄ | ၃၁ |
| ပဲခူး | ၁၉ | ၃၂ |
| ရန်ကုန် | ၂၃ | ၃၄ |
| ဧရာဝတီ | ၂၁ | ၃၃ |
| ကယား | ၁၆ | ၂၉ |
| ကရင် | ၂၃ | ၃၄ |
| မွန် | ၂၄ | ၃၄ |
| တနင်္သာရီ | ၂၂ | ၃၃ |

## ၂၀၂၄ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် ကဗျာရေးစပ်ပြိုင်ပွဲ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ ၂၀၂၄ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် ကဗျာရေးစပ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို နိုဝင်ဘာလ ၂၇ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်း သိရသည်။



ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲများထဲမှ ကဗျာရေးစပ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ဦးစွာကျင်းပရာ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ကဗျာရေးစပ်ပြိုင်ပွဲတွင် ၄၀ ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ၃၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်နေမှုများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်း၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုဝင်ဘာလ ၂၈ ရက်တွင် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲများအပြီး ဆုရရှိကြသူများအား ဒီဇင်ဘာလ ၁ ရက်တွင် လူထုအခြေပြုဗဟိုဌာန၌ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(၆၀၂)

## ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာ၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

ရပ်စောက် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားစေရေး၊ နည်းပညာများအသုံးချ၍ စီးပွားဖြစ်ဝင်ငွေရရှိစေရန် ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး စသည့်ရည်ရွယ်ချက်များဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို နိုဝင်ဘာလ ၂၆ ရက်က ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာအုပ်စု ကျောက်တောကျေးရွာ IT Center ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရှေးရယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြ ဦးစီးအရာရှိ ဒေါ်သီသီစိုးက တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းတွင် သဘော်သီးယို (အချို၊ ချဉ်စပ်)၊ သရက်ယို၊ ကျောက်ဖရုံယို၊ သကြားပွင့်ယို၊ ချဉ်စော်ကားသီးယို၊ ခရမ်းချဉ်သီးယို၊ ခရမ်းချဉ်သီးဆော့စ်၊ မန်ကျည်းဖျော်ရည်၊ မန်ကျည်းဆော့စ်၊ သံပရာဖျော်ရည်၊ မက်မန်းဝိုင်၊ အာလူးကြော်/အာလူးခြောက်၊ ဂျယ်လီ၊ စာကလေးခွေ၊ ကင်မ်ချီ၊ လက်ဖက်နှပ်၊ ဆီးဖျော်ရည်/ဆီးယို ဘာသာရပ်များကို သင်တန်းကာလ ငါးရက်ကြာ သင်ကြားပို့ချလျက်ရှိကြောင်းနှင့် သင်တန်းတွင် သင်တန်းသား ၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျေးရွာနှစ်ရွာအကျိုးပြုကုန်ထုတ်လမ်းပြန်လည်ပြုပြင်နေမှု ကွင်းဆင်းစစ်ဆေး

တောင်ငူ နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သော ဇီးဖြူပင်ကျေးရွာနှင့်သဖန်းပင်ကျေးရွာအကျိုးပြုကျေးလက်ကုန်ထုတ်လမ်းကို ပြည်ထောင်စု ခွင့်ပြုငွေဖြင့် ပြန်လည်ပြုပြင်နေမှုအခြေအနေများအား နိုဝင်ဘာလ ၂၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဇီးဖြူပင်ကျေးရွာနှင့် သဖန်းပင်ကျေးရွာအကျိုးပြု ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းပြီး ပြန်လည်ပြုပြင်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာနှစ်ရွာအကျိုးပြု ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၆ ဒသမ ၅ သန်းဖြင့် VJAT ကုမ္ပဏီမှတာဝန်ယူ၍ အောက်တိုဘာလ ၂၀ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ယင်းလုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ လယ်ယာစိုက်ပျိုးမြေဧက ၁၅၀ မှထွက်ရှိသည့်သီးနှံများ ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# ပြည်သူ့ဆေးရုံများတွင် ပြည်သူ့ဆက်ဆံရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်သူ့ဆေးရုံများတွင်ပြည်သူ့ဆက်ဆံရေးကဏ္ဍတိုးတက်ကောင်းမွန်စေရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနအစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဆေးရုံများကို ပြည်သူလူထုမှ ပိုမိုအားကိုးလာသဖြင့် လူနာများပြားလာ၍ ဝန်ထမ်းများအနေဖြင့် လူနာများ၊ လူနာရှင်များနှင့် ကောင်းမွန်စွာ ဆက်ဆံနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

မိမိတို့ဝန်ထမ်းများသည် ပြည်သူများ အားကိုးလောက်သည့် ပြောဆိုဆက်ဆံမှု၊ ဝတ်စားဆင်ယင်မှုဖြစ်ရန် ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်မှ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုနှစ် ဒီဇင်ဘာလတွင် သူနာပြု ၁၈၀၀ ခန့်အပ်ရန်ရှိပြီး ဆရာဝန်များနှင့် ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ ဆက်လက်ခန့်အပ်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်သူ့ဆေးရုံများတွင် လူနာများကို နွေးထွေးပျူငှာစွာ ကြိုဆိုဆက်ဆံရေးနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို မှာကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုအဆင့် ဆေးရုံကြီးများမှ ဒုတိယဆေးရုံအုပ်ကြီးများ၊ လက်ထောက်ဆေးရုံအုပ်များ၊ သူနာပြုအုပ်ကြီးများနှင့် သူနာပြုအုပ်များ၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပကာ ပြည်နယ်/တိုင်းဒေသကြီးများတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# နမ့်စန်ပင်မဓာတ်အားခွဲရုံကို ဒုတိယဝန်ကြီး ဦးအေးကျော် သွားရောက်ကြည့်ရှုစစ်ဆေး


**နေပြည်တော် နိုဝင်ဘာ ၂၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် နိုဝင်ဘာလ ၂၄ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်ရှိ၂၃၀ ကေဗွီ နမ့်စန်ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးအား တာဝန်ရှိသူများက ၁၃၂ ကေဗွီအထက်ကျိုင်းတောင်း-နမ့်စန်ဓာတ်အားလိုင်း ၃၇ မိုင်နှင့် ၁၃၂ ကေဗွီ နမ့်စန်-တောင်ကြီး ဓာတ်အားလိုင်း ၅၃ ဒသမ ၇ မိုင် ဆောင်ရွက်နေမှုနှင့် ဓာတ်အားခွဲရုံတိုးချဲ့နေမှု အခြေအနေ၊ မဟာဓာတ်အားလိုင်း (နမ့်စန်) နှင့်နမ့်စန်ပင်မဓာတ်အားခွဲရုံ အခြေအနေနှင့်ဓာတ်အားဖြန့်ဖြူးမှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဓာတ်အားလိုင်းအပြစ်ဖြစ်ပွားမှုလျော့နည်းစေရေး၊ အရည်အသွေးမီပစ္စည်းများအသုံးပြုရေး၊ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများအား အစီအစဉ်တကျရေးဆွဲဆောင်ရွက်သွားရေး၊ ဌာနပိုင်မြေအမည်ပေါက်ရရှိရေးဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နမ့်စန်မြို့နယ် စုပေါင်းရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားဖြန့်ဖြူးမှုနှင့်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် ဘဏ္ဍာရေးတာဝန်ခံများက မိမိလက်အောက်မြို့နယ်ရုံးများထံ လစဉ်ပုံမှန် ရုံးစစ်ဆေးရေးကို အဖွဲ့ဖွဲ့၍ လုပ်ဆောင်သွားကြရန် မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (၅၀၀)



# တရုတ်-မြန်မာ အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် Chinese Texitle & Garment Association in Myanmar(CTGA) တို့ ပူးပေါင်းပြုလုပ်မည့် တရုတ်-မြန်မာ အထည်အလိပ်နှင့်စက်ယန္တရားကုန်စည်ပြပွဲ “2024 Myanmar International Textile and Machinery Fair”ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းရှိ Yangon Convention Center (YCC) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကုန်အမှတ်တံဆိပ် ၂၀ ကျော်ကို တရုတ်နိုင်ငံမှ ပြခန်းပေါင်း ၁၂၀ ခန့်နှင့် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၄၀ ခန့် စုစုပေါင်း ၁၆၀ ခန့် ပါဝင်ပြသကြမည်ဖြစ်ပြီး အထည်အလိပ်နှင့် ဆက်စပ်ပစ္စည်းများ၊ အပ်ချုပ်စက်များ၊ အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုသည့် စက်ပစ္စည်းအမျိုးမျိုး၊ Shoe & Bag အမျိုးမျိုးနှင့် Home Textile အစရှိသည့် ပစ္စည်းအမျိုးမျိုးကို ပြသသွားမည့်အပြင် ပြည်တွင်း SME လုပ်ငန်းများအား အရောင်းမြှင့်တင်ခြင်း၊ မိတ်ဆက်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ပြပွဲရက်များတွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီထိဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် အထည်ချုပ်လုပ်ငန်းနှင့် ပတ်သက်သည့် ဗဟုသုတများရရှိနိုင်မည့် Panel Discussion များ၊ Made in Myanmar Product များကိုပြသမည့် Fashion Show များ၊ Costume Competition များ၊ စီးပွားရေးဆိုင်ရာအချက်အလက်များကို ဖလှယ်နိုင်မည့် Business Matching များလည်း ပါဝင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ဝန်းရံ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားစျေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီစျေးနှုန်းများ

၂၈-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီစျေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၄၅၀၅ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၅ | ၃၂၄၅ | ၃၂၆၀ | ၃၂၁၀ | ၄၅၆၀ | ၃၃၇၀ | ၃၂၂၀ | ၃၂၃၅ | ၃၂၇၀ | ၃၂၅၅ | ၃၂၇၀ | ၃၆၇၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၇၀၀ | ၂၆၇၅ | ၂၆၃၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၀ | - | ၂၈၄၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | ၄၈၃၀ | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |
| HSD (10 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | - | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |

မှတ်ချက်။ (၁) MOPS စျေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားစျေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၉ |
| 95 Ron | ၂၉၈၉ | ၃၀၈၃ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၃၀၉၂ | ၃၁၈၄ |
| HSD (10 ppm) | ၃၀၉၂ | ၃၁၈၄ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သွားကျန်းမာရေးအကြောင်း သိကောင်းစရာများ

''ဆေးလိပ်သောက်တာက ခန္ဓာကိုယ်တစ်ခုလုံးရဲ့ ကျန်းမာရေးကို ထိခိုက်စေတဲ့အပြင် ရေရှည် သောက်သုံးတာကြောင့် ခံတွင်းပြဿနာတွေကိုလည်း ဖြစ်ပွားစေပါတယ်။ ဆေးလိပ်သောက်တာကြောင့် ဖြစ်တတ်တဲ့ သွားပြဿနာတွေက ခံတွင်းနံ့ဆိုးတာ၊ သွားအရောင်မကောင်းတာ၊ တံတွေးဂလင်းရောင်တာ၊ ဆေးလိပ်ချိုးတွေတက်တာ၊ မေးရိုးသိပ်သည်းဆလျော့ နည်းတာ၊ သွားဖုံးရောဂါဖြစ်နိုင်ခြေမြင့်မားတာ၊ သွားကျိုးတာ၊ နဲ့တာ၊ အနာကျက်တဲ့ဖြစ်စဉ်ကို နှေးစေတာ၊ သွားတုစိုက်ရာမှာ အောင်မြင်နိုင်ခြေနည်းတာ၊ ခံတွင်းကင်ဆာဖြစ်နိုင်ခြေမြင့်မားတာတို့ ဖြစ်စေနိုင်ပါတယ် . . .''

သွားကျန်းမာရေးမကောင်းတဲ့အခါ သွားဖုံးသွေးယိုတာ၊ သွားပိုးပေါက်ရှိတာ၊ သွားကိုက်တာတွေ ခံစားရနိုင်ပါတယ်။ သွားကျန်းမာရေးနဲ့ ပတ်သက်ပြီး အကြံပြုချက်တွေရှိပါတယ်။

သွားကိုက်တာ၊ သွားဖုံးသွေးယိုတာအတွက် အိမ်တွင်းနည်းလမ်းတွေရှိပါတယ်။ သွားကိုက်တဲ့အခါတိုင်းမှာ သွားဖုံးသွေးယိုနေတယ်ဆိုရင် သွားဖုံးမှာ အနည်းငယ်ရောင်ရမ်းနေတာကြောင့်ဖြစ်နိုင်ပါတယ်။ အောက်ပါသဘာဝနည်းလမ်းတွေနဲ့ ကာကွယ်နိုင်ပါတယ်။

### လေးညှင်းပွင့်

လေးညှင်းပွင့်က သွားဖုံးတွေရောင်ရမ်းတာကို သက်သာစေပြီး သွားဖုံးသွေးယိုတာမဖြစ်အောင် ကာကွယ်ပေးပါတယ်။ လေးညှင်းဆီကို အနည်းငယ်ယူပြီး သွားဖုံးမှာပွတ်ပေးရင် ဒါမှမဟုတ် လေညှင်းပွင့် တစ်ပွင့်၊ နှစ်ပွင့်ဝါးစားရင် ရောင်ရမ်းမှုလျော့နည်းပြီး သွားဖုံးသွေးယိုတာ သက်သာစေပါတယ်။

### ပင်စိမ်း

ပင်စိမ်းမှာ ရောင်ရမ်းမှုကိုလျော့နည်းစေတဲ့ အာနိသင်ရှိလို့ ပင်စိမ်းလက်ဖက်ရည်သောက်ရင် သွားဖုံးရောင်တာသက်သာစေပါတယ်။ ဒ့ါပြင် နာကျင်မှုကိုလည်း လျော့နည်းစေပါတယ်။ ပင်စိမ်းလက်ဖက်ရည်နဲ့လည်း ပလုတ်ကျင်းပေးသင့်ပါတယ်။

### ရှားစောင်းလက်ပပ်

ရှားစောင်းလက်ပပ်မှာ ဆေးဖက်ဝင်အာနိသင်တွေများစွာပါဝင်လို့ သွားဖုံးရောင်ရမ်းတာကိုလျော့နည်းစေပါတယ်။ ရှားစောင်လက်ပပ် အတွင်းသားဂျယ်လီကိုယူပြီး သွားဖုံးပေါ်တင်ပေးရင် မဆိုးရွားတဲ့ သွားဖုံးရောဂါတွေဆိုရင် သဘာဝရှားစောင်းလက်ပပ်အသုံးပြုရုံနဲ့ သက်သာစေနိုင်ပါတယ်။

### ပက်ပါမင့်

ပက်ပါမင့်ကိုခံတွင်းအတွက် ထုတ်လုပ်တဲ့ထုတ်ကုန်အတော်များများမှာ ထည့်သွင်းထားကြပါတယ်။ လေ့လာမှုအရ ရေတစ်ဖန်ခွက်ထဲကို ပက်ပါမင့်အဆီအနည်းငယ်ထည့်ပြီး ပလုတ်ကျင်းပေးရင် ခံတွင်းမှာရှိတဲ့ ဗက်တီးရီးယားပိုးတွေသေစေနိုင်ပါတယ်။

### သွားကြားပွတ်ကြိုး

ကာကွယ်တာက ကုသတာထက်ပိုပြီးထိရောက်မှုရှိပါတယ်။ သွားဖုံးရောင်ရမ်းတာ၊ သွေးယိုတာတွေမဖြစ်အောင်ကာကွယ်ဖို့ တစ်နေ့ကို သွားနှစ်ကြိမ်(အိပ်ရာထနဲ့အိပ်ခါနီးတိုင်း)တိုက်သင့်ပါတယ်။ သွားကြားပွတ်ကြိုးတစ်ကြိမ် အသုံးပြုသင့်ပါတယ်။ သွားနဲ့သွားဖုံးရောဂါတွေ မဖြစ်အောင် ကာကွယ်နိုင်ပါတယ်။

### တမာ

တမာက ခံတွင်းနံ့ဆိုးကိုပျောက်ကင်းစေလို့ သွားတိုက်ဆေးနဲ့ခံတွင်းသန့်ရှင်းဆေးရည်တွေမှာ ထည့်သွင်းဖော်စပ်ထုတ်လုပ်ထားကြပါတယ်။ တမာရွက်အနည်းငယ်ကို ဝါးစားနိုင်သလို ပြုတ်ပြီးလည်း တို့စားနိုင်ပါတယ်။

### သစ်သီးနဲ့ဟင်းသီးဟင်းရွက်

လတ်ဆတ်တဲ့သစ်သီးနဲ့ ဟင်းသီဟင်းရွက်တွေစားသုံးရင် ခန္ဓာကိုယ်ကျန်းမာရေးအတွက်သာမက သွားနဲ့ခံတွင်းရောဂါမဖြစ်အောင်လည်းကာကွယ်နိုင်ပါတယ်။ သစ်သီးနဲ့ဟင်းသီးဟင်းရွက်ထဲမှာ ဗီတာမင်နဲ့ သတ္တုဓာတ်တွေကြွယ်ဝစွာပါဝင်ပြီး ကယ်လိုရီပါဝင်မှုနည်းပါတယ်။ ဟင်းသီးဟင်းရွက်တွေကိုဝါးတဲ့အခါ သွားဖုံးမှာရှိတဲ့သွေးစီးဆင်းမှုကို ကောင်းစေပြီး သွားဖုံးသွေးယိုတာဖြစ်နိုင်ခြေကို လျော့နည်းစေပါတယ်။

### လက်ဖက်ဆီ

သွားနဲ့ခံတွင်းပြဿနာတွေမှာအသုံးပြုဖို့ လက်ဖက်ဆီကိုအိမ်မှာဆောင်ထားနိုင်ပါတယ်။ သွားဖုံးရောဂါနဲ့ သွားပိုးစားတာတွေအတွက် လက်ဖက်ဆီကိုအသုံးပြုနိုင်ပါတယ်။ ကြက်သီးနွေးရေတစ်ခွက်ထဲ လက်ဖက်ဆီနှစ်စက်ထည့်ပြီး ပလုတ်ကျင်းပေးသင့်ပါတယ်။

### ဆားရည်နှင့်ပလုတ်ကျင်းခြင်း

သွားဖုံးသွေးယိုတဲ့အခါ အလွယ်ကူဆုံးနဲ့အရိုးရှင်းဆုံးအိမ်သုံးနည်းလမ်းက ဆားရည်နဲ့ပလုတ်ကျင်းတာဖြစ်ပါတယ်။ ကြက်သီးနွေးရေထဲကို ဆားအနည်းငယ်ထည့်ပြီး တစ်နေ့ကို သုံးကြိမ်ပလုတ်ကျင်းပေးသင့်ပါတယ်။ ရေက အရမ်းပူနေတာမျိုးမဖြစ်သင့်ဘဲ နွေးရုံနွေးပြီး ဆားဇွန်းဝက်ခန့်ပျော်တဲ့ဆားရည်ကို သုံးနိုင်ပါတယ်။

ဆေးလိပ်သောက်တာက ခန္ဓာကိုယ်တစ်ခုလုံးရဲ့ကျန်းမာရေးကို ထိခိုက်စေတဲ့အပြင် ရေရှည်သောက်သုံးတာကြောင့် ခံတွင်းပြဿနာတွေကိုလည်းဖြစ်ပွားစေပါတယ်။ ဆေးလိပ်သောက်တာကြောင့်ဖြစ်တတ်တဲ့ သွားပြဿနာတွေက ခံတွင်းနံ့ဆိုးတာ၊ သွားအရောင်မကောင်းတာ၊ တံတွေးဂလင်းရောင်တာ၊ ဆေးလိပ်ချိုးတွေတက်တာ၊ မေးရိုးသိပ်သည်းဆလျော့နည်းတာ၊ သွားဖုံးရောဂါဖြစ်နိုင်ခြေမြင့်မားတာ၊ သွားကျိုးတာ၊ နဲ့တာ၊ အနာကျက်တဲ့ဖြစ်စဉ်ကိုနှေးစေတာ၊ သွားတုစိုက်ရာမှာ အောင်မြင်နိုင်ခြေနည်းတာ၊ ခံတွင်းကင်ဆာဖြစ်နိုင်ခြေမြင့်မားတာတို့ ဖြစ်စေနိုင်ပါတယ်။

သွားရောဂါတွေကို ဆက်စပ်ကြည့်ရင် ဆေးလိပ်သောက်သုံးပါက အရိုးနဲ့သွားမှာတွယ်ကပ်နေတဲ့ တစ်သျှူးတွေကို လျော့ရဲသွားစေတယ်။ ဆေးလိပ်သောက်တာက သွားဖုံးမှာရှိတဲ့တစ်သျှူးတွေရဲ့ လုပ်ဆောင်မှုကို အနှောင့်အယှက်ဖြစ်စေပြီး ပိုးမွှားတွေပေါက်ပွားမှုကို အားပေးပါတယ်။ သွားဖုံးတစ်သျှူးတွေဆီကို သွေးထောက်ပံ့မှုကန့်သတ်လိုက်တာကြောင့် အနာကျက်နှေးပြီး ပျက်စီးစေပါတယ်။

ဆေးပြင်းလိပ်သောက်တာနဲ့ စီးကရက်သောက်တာ အန္တရာယ်ပေးနိုင်တာချင်းမကွာခြားပါဘူး။ လေ့လာမှုတွေအရ ဆေးပြင်းလိပ်သောက်တာက စီးကရက်သောက်သုံးသူတွေထက် သွားရဲ့အခြေမှာရှိတဲ့အရိုးနဲ့ သွားတွေဆုံးရှုံးနိုင်ခြေပိုများနိုင်ပါတယ်။ ဆေးပြင်းလိပ်သောက်တာက ခံတွင်းပြဿနာတွေဖြစ်တဲ့ အနံ့ဆိုးထွက်တာနဲ့ သွားအရောင်မလှတာစတာတွေဖြစ်စေပါတယ်။

ဆေးရွက်ကြီးထုတ်ကုန်တွေက အန္တရာယ်မကင်းပါဘူး။ ဆေးရွက်ကြီးထုတ်ကုန်တွေကိုအသုံးပြုရင် သူ့ထဲမှာပါဝင်တဲ့ဓာတုပစ္စည်း ၂၈ မျိုးက ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာတွေနဲ့ ဆက်စပ်နေပါတယ်။ အစာရေမျိုကင်ဆာနဲ့လည်း ဆက်စပ်နေပါတယ်။ ဆေးရွက်ကြီးဝါးတာက စီးကရက်ထက် နီကိုတင်းဓာတ်ပိုမိုရရှိတာကြောင့် စွဲလမ်းမှုလည်းပိုများစေပါတယ်။ ဆေးရွက်ကြီးတစ်ကြိမ်ဝါးတာက စီးကရက်အလိပ် ၆၀ သောက်တာနဲ့ညီမျှတဲ့ နီကိုတင်းဓာတ်ကိုရရှိစေပါတယ်။

ဆေးရွက်ကြီးဝါးတာကြောင့် သွားဖုံးတွေ ထိခိုက်ပျက်စီးစေပါတယ်။ သွားအမြစ်တွေနဲ့လည်း ထိတွေ့တာကြောင့် သွားတွေဆုံးရှုံးနိုင်ခြေလည်းပိုများပါတယ်။ ပူတဲ့အရည်၊ အေးတဲ့အရည်တွေသောက်တဲ့အခါ သွားကမခံနိုင်တာတွေဖြစ်နိုင်ပါတယ်။

ကွမ်းစားခြင်းက သွားနဲ့ခံတွင်းဆိုးကျိုးဖြစ်စေပါတယ်။ အံသွားတွေအရောင်ပြောင်းစေတယ်။ ကွမ်းစားတာက ဆေးရွက်ကြီးတွေ၊ မဂ္ဂနီစီယမ်တွေမပါရင်တောင် အစာရေမျိုကင်ဆာဖြစ်စေတယ်။ ကွမ်းသီးမှာပါတဲ့ Alkaloid နဲ့ ပိုလီဖီနောတို့က ကင်ဆာရောဂါဖြစ်စေနိုင်ပါတယ်။ ကွမ်းစားပါများတဲ့အခါ ခရိုမိုဆုမ်းတွေ ပုံမှန်မဟုတ်တဲ့အနေအထားဖြစ်နိုင်ခြေများလာပြီး ခံတွင်းကင်ဆာဖြစ်နိုင်ခြေကို ပုံမှန်ထက်ပိုများစေပါတယ်။ ကွမ်းစားတဲ့အခါ ထည့်စားလေ့ရှိတဲ့ ထုံးနဲ့ကွမ်းသီးတို့ ပေါင်းစုသွားတဲ့အခါ ခံတွင်းကင်ဆာဖြစ်နိုင်ခြေတိုးစေပါတယ်။

ကွမ်းစားတာကြောင့် စကားပြောဆိုရာမှာ အခက်ကြုံတာ၊ အပူဒဏ်၊ အအေးဒဏ်နဲ့ အရသာပြင်းတာတွေကို ခံနိုင်စွမ်းလျော့ကျလာတာ၊ သွေးတိုးတာ၊ စိတ်ဆိုးလွယ်တာ၊ စိတ်ဖိစီးတာ၊အာရုံစိုက်နိုင်စွမ်းလျော့နည်းတာ၊ ကောင်းကောင်းအိပ်မပျော်တာတွေ ဖြစ်လာနိုင်ပါတယ်။ ဆေးလိပ်ဖြတ်တဲ့အခါ ပီကော၊ ချိုချဉ်ဝါးပြီး ဆေးလိပ်ဖြတ်နိုင်ပါတယ်။ ကွမ်းကိုအကြာကြီးငုံတာမျိုး၊ အများကြီးစားတာမျိုးက လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ ခံတွင်းကင်ဆာဖြစ်စေပြီး အော့အန်တာ၊ ဝမ်းလျှောတာ၊ တံတွေးအထွက်များတာ၊ ရင်ဘတ်အောင့်တာ၊ အသက်ရှူနှုန်းနှေးတာ၊ နှလုံးရပ်တာ သေဆုံးတဲ့အထိဖြစ်နိုင်လို့ ဆေးလိပ်နဲ့ ကွမ်းကိုရှောင်ကြဉ်သင့်ပါကြောင်း သွားကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ရေးသားလိုက်ရပါတယ်။

**ဒေါက်တာလွင်သန့်**

## ကျောင်းသား ကျောင်းသူအချင်းချင်း အသိပညာဗဟုသုတများဖလှယ်တတ်စေရန် လူငယ်စကားဝိုင်းကျင်းပ



ကော့သောင်း နိုဝင်ဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူ အချင်းချင်း အသိပညာဗဟုသုတများ ဖလှယ်တတ်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ နိုဝင်ဘာလ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများတိုးတက်လာစေရန်၊ လူငယ်အချင်းချင်း အသိပညာအတတ်ပညာများ ဖလှယ်တတ်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ Grade-11 ကျောင်းသား မောင်ချမ်းလွင်ထွန်းက ရေဘေးသဘာဝဘေးအန္တရာယ် ခေါင်းစဉ်၊ Grade-10 ကျောင်းသား မောင်အာကာထွန်းက လူငယ်နှင့်စာပေ ခေါင်းစဉ်၊ Grade-11 ကျောင်းသူ မနှင်းအေးဝေက ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်၊ Grade-10 ကျောင်းသူ မထွေးငယ်လေးက Social Media ၏ ကောင်းကျိုး၊ ဆိုးကျိုးများခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ စကားဝိုင်းတွင် ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

**ချမ်းမြေ့**

## ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏အကြံပေးပုဂ္ဂိုလ် H.E.Mr.Dusit Manapan နှင့်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၇

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏အကြံပေးပုဂ္ဂိုလ် H.E. Mr.Dusit Manapan နှင့်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုချဲ့ထွင်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာအကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်




မော်လမြိုင် နိုဝင်ဘာ ၂၇

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်လူငယ်ရေးရာကော်မတီမှ ကြီးမှူးကျင်းပသော မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရာမညအားကစားကွင်း၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဦးစွာ မသန်စွမ်းပြိုင်ပွဲဝင်အားကစားသမားများက အမျိုးသား၊ အမျိုးသမီး ဒူးအောက်တစ်ဖက် မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ လေးဘီးတပ် ဝှီးချဲတွန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် ပြိုင်ပွဲဝင်အားကစားသမားများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က မသန်စွမ်းဆုရအားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံအားပေးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(၄၀၆)

## ယင်းမာပင်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ဝါသီးနှံ ၅၈၁၃ ဧက စိုက်ပျိုးပြီးစီး



ယင်းမာပင် နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ဝါသီးနှံ ၅၈၁၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ယင်းမာပင်ခရိုင်၌ ယခုနှစ်မေလမှစတင်၍ ဝါသီးနှံကိုစိုက်ပျိုးကြရာ ယနေ့အထိယင်းမာပင်မြို့နယ်၌ ၁၁၈၃ ဧက၊ ကနီမြို့နယ်၌ ၅၅၂ ဧက၊ ဆားလင်းကြီးမြို့နယ်၌ ၂၃၁၈ ဧက နှင့်ပုလဲမြို့နယ်၌ ဧက ၁၇၆၀ စုစုပေါင်း ၅၈၁၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးချိန် ယင်းမာပင်ခရိုင်မှာ ဝါသီးနှံဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဝါသီးနှံများစိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူများလွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ဝါမျိုးစေ့တွေ ထောက်ပံ့ပေးနေတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြတ်မိုးဝင်းကပြောသည်။

ယခု၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင်ယင်းမာပင်ခရိုင်၌ ဝါသီးနှံစိုက်ပျိုးရန်အတွက်မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်၌ ဧက ၂၅၃၀၊ ကနီမြို့နယ်၌ ဧက ၃၂၇၀၊ ဆားလင်းကြီးမြို့နယ်၌ ဧက ၂၀၅၀ နှင့်ပုလဲမြို့နယ်၌ ၁၈၅၅ ဧက စုစုပေါင်း ၉၇၀၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ယင်းမာပင်ခရိုင်၌ ဝါသီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

(၄၀၉)

## ဟေမန်ဆောင်း

❆❆❆❆❆❆❆❆❆❆❆❆❆

❆ သဇင်ဂမုန်း၊ ဖူးပွင့်တုန်းဝယ်
ရှေးထုံးမပျက်၊ မြနှင်းစက်တို့
ဆင်းသက်စီရီ၊ ရွှေနေခြည်တွင်
စိန်စီလင်းလက်၊ ပြိုးပြိုးပြက်၏
လှရက်ပါသော ဟေမန်ဆောင်း။

❆ ပတ်ကုံးဝန်းကျင်၊ ရှုလေလျှင်တည့်
မြေတွင်မပေါက်၊ ပင်ပေါ်ပေါက်သည်
နှင်းသောက်ရွှင်ရွှင်၊ ဖူးတံဆင်လျက်
သဇင်ရွှေပွင့်၊ လှဂုဏ်ဝင့်၍
ထူးတင့်ကြည်အေး၊ နတ်ပန်းမွှေးပြီ
လှရေးကြွယ်သော ဟေမန်ဆောင်း။

❆ ပမာသို့ဆို၊ သာလို့ပိုသည်
ကျိုးကိုမလင့်၊ ဆင်တိုင်းတင့်သား
ရေးခွင့်သာတုန်း၊ စာပန်းကုံးကို
ဖွဲ့မှုန်းသီလျက်၊ ကလောင်လက်တို့
ထက်မြက်ဂုဏ်လောင်း ဟေမန်ဆောင်း။

❆ ပန်းသတင်းလျှင်၊ လေညင်းဆောင်ယူ
မွှေးပျံ့ကြူ၏၊ သင်းပါ၏။

❆ စာသတင်းလျှင်၊ လူချင်းဆောင်ယူ
ထုံနံ့ကြူ၏၊ မွှေးပါ၏။

❆ ကောင်းဂုဏ်သံနွဲ့၊ ချစ်ခြင်းဖွဲ့၍
ရွှန်းလဲ့ဂုဏ်အင်၊ စာသဘင်ဝယ်
သဇင်လည်းတင့်၊ အားမာန်ဝင့်ပြီ
ထူးတင့်နေသော၊ ဟေမန်ဆောင်း
ဝမ်းမြောက်ဂုဏ်ယူ၊ ရပါကြောင်း
ဂုဏ်ပြုပါသည်
စာပေသူရဲကောင်းအပေါင်း။ ။

ချမ်းမြဆောင်း(ကလော)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၈-၁၁-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး



**တောင်ငူ နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် မဟာင်ကျေးရွာအုပ်စု ကျွဲဘူးကျေးရွာ၌ ရာဂါမုန်တိုင်းကြောင့် ထိခိုက်သေဆုံးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်ခင်နှင်းဦးအား ဥစားကြက်နှင့် ဒေသကြက်ကောင်ရေ ၁၂၀၀၀ အား ပြန်လည်အစားထိုးပေးအပ်ခဲ့ပြီး ကြက်ခြံများအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နှစ်ဆောင်မြိုင်-ရွာတန်းရှည်လမ်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၉၀ ဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် တောင်ငူ-ရေတာရှည်လမ်းပိုင်းတွင် ရေကျော်ခဲ့သည့် မိုင်တိုင်အမှတ်(၁၆၀/၀)မှ (၁၆၃/၇)အထိ ၂၄ ပေအကျယ် ၁ ပေအမြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တောင်ငူမြို့ ထီးလှိုင်ပန်းခြံ ဆောက်လုပ်နေမှု၊ ကေတုမတီရှေးဟောင်းကျုံးမြောက်ဘက်မြို့ရိုးဖော်ထုတ်ရှင်းလင်း ဆောင်ရွက်နေမှုအခြေအနေနှင့် တောင်ငူမြို့အမှတ်(၁)လမ်း၌ MSME ဒေသထုတ်ကုန်များအရောင်းစင်တာဖွင့်လှစ်မည့်ဆိုင်နေရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် သီတဂူဗုဒ္ဓတက္ကသိုလ်(တောင်ငူ)သို့ သွားရောက်ခဲ့ပြီး သီတဂူဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဦးတိက္ခအား သွားရောက်ဖူးမြော်ခဲ့ကာ ကုသိုလ်ဖြစ်ဆေးရုံတည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်ခ်မက် ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားနှင့် ကြိုဆိုညစာစားပွဲအခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV) နှင့် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို နှစ်နှစ်လျှင်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၆) ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတို့ကို နိုဝင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ In Person စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင်၍ အားလုံးဝိုင်းဝန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိမိတို့အဖွဲ့ဝင်နိုင်ငံများရှိ အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍများအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ စီအယ်လ်အမ်ဗွီ (CLMV) နှင့် အက်ခ်မက် (ACMECS) ဒေသတွင်း ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ခေတ်ကာလနှင့် လိုက်လျောညီထွေရှိသော နည်းပညာရပ်များကိုအသုံးပြုပြီး ဒေသတွင်းခရီးသွားလုပ်ငန်းအဆင့်မှ ကမ္ဘာ့အဆင့်သို့ရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အစည်းအဝေးသို့တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး စီအယ်လ်အမ်ဗွီဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း အစီအစဉ် ၂၀၂၃-၂၀၂၅ အရ အဖွဲ့ဝင်နိုင်ငံအလိုက် ဒေသတွင်းခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center ၌ ကျင်းပလျက်ရှိသော မြန်မာ-ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၂၄ သို့ သွားရောက်ကာ မြန်မာနိုင်ငံမှခင်းကျင်းပြသထားသောပြခန်းများ၊ ဗီယက်နမ်နိုင်ငံမှ ခင်းကျင်းပြသထားသောပြခန်းများ၊ MSME ပြခန်းများ၊ အဝတ်အထည်နှင့် အစားအစာပြခန်းများ၊ လျှပ်စစ်အိမ်သုံးပစ္စည်း ပြခန်းများ၊ လေကြောင်းလိုင်းပြခန်းများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၆)ကြိမ်မြောက် အက်ခ်မက် ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများသို့တက်ရောက်လာသည့်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို မြန်မာနိုင်ငံမှ ကြိုဆိုဧည့်ခံသည့် ညစာစားပွဲ အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ(၄/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၇

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၄ /၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံး၌ကျင်းပရာ ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန် စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ကော်မတီ အဖွဲ့ဝင်များနှင့်အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်း မှုများ မှန်ကန်မြန်ဆန်စေရေးဗဟို ကော်မတီဥက္ကဋ္ဌက ဗဟိုကော်မတီအနေနှင့် ပြည်ပကုန်သွယ်မှုလျာထားချက်များ ပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်နိုင်ရေး အတွက် ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျှင်မြန်ချောမွေ့စေရေးကိစ္စများ၊ မြန်မာ-ထိုင်းနယ်စပ် (ရန်ကုန်-ကော့သောင်း-ရနောင်း)ကမ်းရိုးတန်းဆိပ်ကမ်းမှကွန်တိန်နာ စနစ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ကိစ္စများ၊ ကွန်တိန်နာများ လွယ်ကူ မြန်ဆန်စွာ ရှင်းလင်းထုတ်ပေးရေးနှင့် ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက် ရေး၊ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူး မှုကိစ္စများနှင့် တရားမဝင်စက်သုံးဆီများ ဖမ်းဆီးရမိမှု၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးမှုကိစ္စရပ်များနှင့် CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေးကိစ္စရပ်များကို ဦးစားပေး ဆောင်ရွက်နေကြောင်း။

ပို့ကုန်တန်ဖိုးမှာ သွင်းကုန်တန်ဖိုးထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှု တန်ဖိုးအရ ပိုငွေ(Trade Surplus) ရရှိခဲ့ ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်နိုင်ခဲ့သော် လည်း CMP ပို့ကုန်ဆောင်ရွက်နိုင်မှုတွင် ကာလတူနှိုင်းယှဉ်ပါက လျော့နည်းသွား သည့်အတွက် ပို့ကုန်ပိုမိုဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများက ယခုထက်ပိုမိုပေါင်းစပ် ညှိနှိုင်းပေးစေလိုကြောင်း၊ ပြည်ပပို့ကုန် လျာထားချက်များ ပြည့်မီကျော်လွန်အောင် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆက်စပ် ဝန်ကြီးဌာနများနှင့် UMFCCI၊ MRF တို့ အပြင် ညီနောင်အသင်းအဖွဲ့များကပါ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြ ရန်လိုကြောင်း။

နယ်စပ်ကုန်သွယ်မှုနည်းလမ်း(Border Trade Method)ဖြင့် (ရန်ကုန်-ကော့သောင်း -ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)သို့ ကွန်တိန်နာစနစ်ဖြင့် တင်ပို့/ တင်သွင်းခြင်းအား မြန်မာ့စက်မှုဆိပ်ကမ်း (MIP)နှင့် The Myanmar Terminal (TMT) ဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ရာ တင်ပို့မှုနှင့်တင်သွင်း မှုများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယာယီ အပြည်ပြည်ဆိုင်ရာ ကုန်တင်/ကုန်ချ ဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် အောက်တို ဘာလအထိ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၉၆ သန်းတင်ပို့နိုင်ခဲ့ကြောင်း၊ ရေချိုငါးတင်ပို့နိုင်မှုအနေဖြင့် အောင်မင်္ဂလာ ဆိပ်ကမ်းမှ ၂၀၂၄ ခုနှစ် မတ်လမှစ၍ ပို့ကုန် သင်္ဘော ၁၇ စင်း၊ ရေချိုငါး ၁၇၆၇ ဒသမ ၈၂၉ တန် တင်ပို့နိုင်ခဲ့ကြောင်း။

ပို့ကုန်အတွက် ဆိပ်ကမ်းများတွင် ကုန်သေတ္တာလုံလောက်မှု ရှိစေရန် အကောက်ခွန်ဦးစီးဌာန၏ ကုန်လှောင်ရုံ ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြု ပေးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လမှ နိုဝင် ဘာလအထိ သက်ဆိုင်ရာ Bonded Termi-nal များမှ ကုန်သေတ္တာစုစုပေါင်း ၂၇၉၉ လုံး ပြန်လည်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ် မတ်လမှ အောက်တိုဘာလ အထိ ဆိပ်ကမ်း၊ ကုန်းတွင်းကုန်သေတ္တာ စခန်းတို့မှ စုစုပေါင်းကုန်သေတ္တာ ၁၉၁၃၈၇ လုံး ထုတ်ပေးနိုင်ခဲ့ကြောင်း။

ပို့ကုန်ရငွေ ဝင်ရောက်ရန်ကျန်ရှိသည့် ကုမ္ပဏီများ၏အခက်အခဲများကို တာဝန် ရှိသူများက စဉ်ဆက်မပြတ် တွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ပြီး ကူညီဆောင်ရွက် ပေးနေကြရမည်ဖြစ်ကြောင်း၊ အဆက် အသွယ်မရသည့်ကုမ္ပဏီများနှင့် ဝန်ခံ ကတိပြုထားပြီး ပေးသွင်းရန်ပျက်ကွက်နေ သည့်ကုမ္ပဏီများကို သက်ဆိုင်ရာဌာန များ၏ လုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့် အရေးယူဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း စက်သုံးဆီပြည်တွင်းဖူလုံမှုရှိစေရန် ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်းတန်ချိန် ၄၃၂၆၇၅ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၃၇ ဒသမ ၆၃ သန်း တင်သွင်းနိုင်ခဲ့ကြောင်း၊ တရားမဝင် စက်သုံးဆီ ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်း ၄၅၄ တန်ဖမ်းဆီးရရှိခဲ့သဖြင့် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူဆောင် ရွက်နိုင်ခဲ့ကြောင်း၊ စက်သုံးဆီမီးလောင်မှု ဖြစ်စဉ်များ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ပညာပေးလုပ်ငန်း များကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို အပတ်စဉ်ထုတ်ပြန်ပေးလျက် ရှိပြီး စားသုံးဆီဈေးကွက်/ဈေးနှုန်းတည်ငြိမ် စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန များ၊ အသင်းအဖွဲ့များက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများ က တိုင်းဒေသကြီး/ပြည်နယ်များရှိ သက်ဆိုင်ရာလက်လီလက်ကားကိုယ်စား လှယ်များသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချ သည့်အစီအစဉ်ကို ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ ရည်ညွှန်းဈေးအားအပတ်စဉ် တနင်္လာနေ့ တွင် ပေါက်ဈေးနှင့်အနီးစပ်ဆုံးဖြစ်စေရေး တွက်ချက်ထုတ်ပြန်ကြေညာပေးလျက်ရှိ ကြောင်း။

CMP သွင်းကုန်ပို့ကုန်လုပ်ငန်းများ၊ CMP ကုန်ကြမ်းပစ္စည်းများတင်သွင်းခြင်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် စက်အပို ပစ္စည်းများတင်သွင်းခြင်းတို့ကို လွယ်ကူ ချောမွေ့မှုရှိစေရေးဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်း၊ CMP ပို့ကုန်အမှာစာများ ပုံမှန်ရရှိ ရေးအတွက် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့ များဘက်က ကြိုးပမ်းအားထုတ်ရန်လိုအပ် သကဲ့သို့ ပြည်ပရှိ စီးပွားရေးသံမှူးများမှ တစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိ ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူ များက ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်း မှုများ မှန်ကန်မြန်ဆန်စေရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(မဝ)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကျင်းပရေး အကြိုလေ့ကျင့်နေမှုများနှင့်ပြင်ဆင်နေမှုများကို ပြည်ထောင်စုဝန်ကြီးများကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံတို့သည် ယနေ့ညနေ ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများ အတွက် အကြိုလေ့ကျင့်နေမှုများနှင့်ပြင်ဆင် နေမှုများကိုကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင် မောင်အုန်းသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ၌ ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်း အနားအတွက် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဟာသ ပညာရှင်များအစည်းအရုံးတို့၏ လေ့ကျင့်မှု များကိုလည်းကောင်း၊ အ.ထ.က(၆) ဇမ္ဗူသီရိ တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှု အားပေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင် မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့သည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်း LED တပ်ဆင် နေမှု၊ မီးစနစ်များတပ်ဆင်နေမှုနှင့်အသံ စနစ်များတပ်ဆင်နေမှုများကို အသေးစိတ် ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့်အချိန်မီ ပြီးစီးရေးတို့အတွက် ဆွေးနွေးညှိနှိုင်းကြပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး သည်။



ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်ကို ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်း ကျင်းပသွားမည်ဖြစ်ပြီး ပါဝင် ဖျော်ဖြေတင်ဆက်ကြမည့်အကအဖွဲ့များနှင့် ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့မှ ပါဝင်ယှဉ်ပြိုင်ကြ မည့် အားကစားသမားများလေ့ကျင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

# ရေချင်းဆက်...မြေချင်းဆက်...ဆက်နေသော ဥယျာဉ်နှစ်ခု


**တက္ကသိုလ်မြတ်သူ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ပြီး ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းလက်ခံခဲ့သည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ HUALUXE Kunming Hotel ၌ တရုတ်– မြန်မာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းတင်ပြပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

ညနေပိုင်းတွင် ကူမင်းမြို့ရှိ Haigeng Hotel ဧည့်ခန်းမတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E.Mr. Wang Ning နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံနှင့်ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်းဆောင်ရွက်၍ အရှိန်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။တရုတ်နိုင်ငံတွင်ရောက်ရှိနေကြသော ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံဝန်ကြီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထိုနေ့မွန်းလွဲပိုင်းတွင် Haigeng Garden Hotel ၌ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဝန်ကြီးချုပ် H.E.Mr.Li Qiang နှင့်တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေး၊ အချုပ်အခြာအာဏာခိုင်ခံ့တည်မြဲရေး၊ လူမှုစီးပွားရေးဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များပြုကြကာ နှစ်နိုင်ငံချစ်ကြည်ရေး(ဝါ) ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို အားဖြည့်ကြသည်။ ကဏ္ဍစုံအတွက်နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်ခုနစ်ခုကို အောင်မြင်စွာချုပ်ဆိုနိုင်ကြသည်။ အလားတူပင် ချုံချင့်မြို့သို့သွားရောက်ကာ စက်မှုလုပ်ငန်းများလေ့လာခဲ့သည်။ ချုံချင့်မြို့မှ Yuzhou Hotel ဧည့်ခန်းမဆောင်၌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ပေါလစ်ဗျူရိုအဖွဲ့ဝင်နှင့် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr.Yuan Jiajun နှင့်တွေ့ဆုံကာ မြန်မာ–ချုံချင့်စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုလမ်းစများ၊ ချုံချင့်မြို့နယ်အနေဖြင့် နည်းပညာအားသာချက်၊ လမ်းပန်းဆက်သွယ်မှုအချက်အချာအားသာချက်များအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည့် အလားအလာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်ခြင်းများ၊ ပညာရေးနှင့်ခရီးသွားကဏ္ဍ မြှင့်တင်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ယခုတစ်ခေါက်တရုတ်ပြည်ခရီးစဉ်သည် (၁)နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်လာစေခဲ့ခြင်း။ (၂)နှစ်နိုင်ငံအကြား အပြန်အလှန်တိုးတက်မှုပိုမိုကြီးထွားလာစေခဲ့ခြင်း။ (၃)နှစ်နိုင်ငံ နယ်စပ်ဒေသငြိမ်းချမ်းတည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အလားအလာကောင်းများရရှိခဲ့ခြင်း။ (၄)နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အထောက်အကူများစွာရရှိခြင်း စသည့်ရလဒ်ကောင်းများ ပြန်လည်သယ်ဆောင်လာနိုင်ခဲ့ပေသည်။ ထို့ကြောင့် အပြန်ခရီးတွင် တိုင်းရင်းသားပြည်သူများ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်ကို တွေ့ရပေသည်။ အဖွဲ့အစည်းများအထူးသဖြင့် ဘာသာရေးအဖွဲ့အစည်းများက ဝမ်းပန်းတသာဂုဏ်ယူချီးကျူးသော ကြေညာချက်များ ထုတ်ပြန်ကြသည်ကိုလည်းတွေ့ရပေသည်။



မြန်မာ–တရုတ် ဆက်ဆံရေး၊ ခင်မင်ရင်းနှီးသော ဆက်ဆံရေး(ဝါ)နှစ်နိုင်ငံချစ်ကြည်ရေးသက်တမ်းသည် အလွန်တရာရှည်ကြာခဲ့ပေပြီ။ မြန်မာနိုင်ငံတွင် ပျူမြို့ပြနိုင်ငံများ အပြိုင်အဆိုင်ထွန်းကားခဲ့စဉ်က ပျူတို့တွင် စာပေ၊ တေးဂီတ၊ အဆို၊ အက၊ ယဉ်ကျေးမှုထွန်းကားခဲ့ပေသည်။ ပျူတို့သည် သတ္တု၊ ဝါး၊ သစ်၊ ကြေး၊ ကနုကမာ၊ ဘူးသီး(ခြောက်)၊ တိရစ္ဆာန်ဦးချိုတို့ကိုအသုံးပြုပြီး ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တူရိယာပစ္စည်းအခြေခံများဖြင့် ကြိုးတပ်တူရိယာ၊ လေမှုတ်တူရိယာ ၂၂ မျိုးတီထွင်ထုတ်လုပ်အသုံးပြုတီးမှုတ်နေခဲ့ပေပြီ။ တရုတ်ဧကရာဇ်က သတင်းကြားသဖြင့် တေးဂီတအဆိုအကတွင် ထူးချွန်လှသော ပျူယဉ်ကျေးမှုအဖွဲ့ကိုဖိတ်ခေါ်ရန် အိမ်ရှေ့မင်းသားအားစေလွှတ်ခဲ့သည်။ အဆို၊ အတီး၊ အကပညာရှင် ၃၅ ဦးလိုက်ပါခဲ့သည်။ တေးသံများ၏ ငြိမ့်ညောင်းမှု၊ အကပညာရှင်များ၏ နွဲ့နှောင်းသွဲ့ပျောင်းသော အက၊ သာယာညင်းပျောင်းသော တူရိယာသံများ၌ တရုတ်ဧကရာဇ်နစ်မျောနေခဲ့ဖူးကြောင်း တရုတ်သမိုင်းမှတ်တမ်းများ၌ ဖော်ပြထားပေသည်။ ရှေးရှေးပျူခေတ်ကတည်းက မြန်မာ–တရုတ်ကောင်းမွန်သော ဆက်ဆံရေးရှိခဲ့ပြီးဖြစ်သည်။

အင်းဝခေတ်တွင် မြန်မာသံတမန်တစ်ဖွဲ့ တရုတ်ပြည်သို့ သွားရောက်ခဲ့ကြောင်း၊ ကျွန်တော်တို့ကျောင်းတွင် သင်ခဲ့ရသည့် တရုတ်သံရောက် မော်ကွန်းစာအုပ်တွင် အခိုင်အမာတွေ့ရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံအကျယ်အဝန်း ၂၆၁၂၂၈ စတုရန်းမိုင်ရှိသည်။ မြန်မာနိုင်ငံ၏နယ်နိမိတ်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသောနယ်နိမိတ်မှာ မိုင်ပေါင်း ၃၈၀၃ မိုင်ရှိသည်။ မြန်မာ–တရုတ်နယ်နိမိတ်ထိစပ်မှု ၁၃၅၇ မိုင်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၅၂ မိုင်၊ အိန္ဒိယနှင့် ၈၅၇ မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၇၁၄ မိုင်၊ လာအိုနိုင်ငံနှင့် ၁၂၈ မိုင်ထိစပ်လျက်ရှိသည်။

အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဧရိယာစတုရန်းကီလိုမီတာပေါင်း ၉၆၀၀၀၀၀ ကျယ်ဝန်းသည်။ နိုင်ငံအရှေ့ဖျားမှ အနောက်ဖျားအထိ ကီလိုမီတာ ၅၀၀၀ ရှည်လျားသည်။ နာရီဇုန်လေးဇုန်ရှိသည်။ တောင်နှင့်မြောက်အရှည်မှာ ကီလိုမီတာ ၅၅၀၀ ရှိသည်။ မြို့နယ် ၂၂ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခု၊ ဗဟိုကတိုက်ရိုက်အုပ်ချုပ်သော မြူနီစီပယ်အုပ်ချုပ်ရေးဒေသသုံးခုရှိသည်။ မြို့တော်မှာပေကျင်းဖြစ်သည်။ ယနေ့လူဦးရေမှာ သန်းပေါင်း ၁၄၀၀ ကျော် (အိန္ဒိယနှင့်မတိမ်းမယိမ်း)ဖြစ်သည်။

၁၉၂၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်တည်ထောင်သော တရုတ်ကွန်မြူနစ်ပါတီ၏ တပ်နီတော်ကို မော်စီတုန်းဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ မြေရှင်ပဒေသရာဇ်များ၊ အရင်းရှင်ခေါင်းပုံဖြတ်များ၊ အနောက်နိုင်ငံများကို ကျောထောက်နောက်ခံပြုထားသော ချန်ကေရှိတ်၏ KMT တရုတ်(ဖြူ)များ၊ ကျူးကျော်ခဲ့သောဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခဲ့ကာ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါ် တရုတ်ပြည်သစ်တည်ထောင်နိုင်ခဲ့သည်။ (ထိုတရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်းဦးဆောင်သော တရုတ်ပြည်သစ်အစိုးရကို ဦးစွာအသိအမှတ်ပြုခဲ့သောနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပေသည်)

တရုတ်တော်လှန်ရေးစစ်ပွဲတွင် ရှုံးနိမ့်ပြီး အမေရိကန်စစ်သင်္ဘောများဖြင့်ထွက်ပြေးရသော ချန်ကေရှိတ်နှင့်နောက်လိုက်စစ်သည်များအား အမေရိကန်စစ်သင်္ဘောများက ယနေ့တိုင်ဝမ်ကျွန်းသို့ သယ်ဆောင်ပို့ပေးခဲ့သည့်အပြင် အဘက်ဘက်မှကူညီပံ့ပိုးကာ (ဒုတိယ)တရုတ်နိုင်ငံအဖြစ် တည်ထောင်ခြားနားစေခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နေရာတွင် တရုတ်တစ်ပြည်လုံးအုပ်ချုပ်နေသော မော်စီတုန်းတည်ထောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဝင်ရောက်ခွင့်မပေးဘဲ ပြည်ပြေးစစ်ရှုံးချန်ကေရှိတ်၏ တိုင်ဝမ်တရုတ်(ဖြူ)များကိုသာ ထိုနေရာ၌ ဆက်လက်ပါဝင်ခွင့်ပြုထားခဲ့သည်။ မြန်မာနိုင်ငံက တရားဝင်တရုတ်တစ်နိုင်ငံလုံး၏ အစိုးရဖြစ်သောဥက္ကဋ္ဌ မော်စီတုန်း၏ တရုတ်ပြည်သစ်အစိုးရကို ကုလသမဂ္ဂဝင်ခွင့်ပြုရေး ဦးဆောင်ကြိုးပမ်းခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင်မှ (အမေရိကန်သမ္မတနစ်ဆင်၏လက်ထက်)တရုတ်ပြည်သစ်အစိုးရကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပါဝင်ခွင့်ပြုခဲ့သည်။

ချန်ကေရှိတ်၏ တရုတ်စစ်ရှုံးပြည်ပြေး KMT (တရုတ်ဖြူ)တပ်များကို အမေရိကန်စီအိုင်အေက ရှမ်းပြည်နယ် အရှေ့ပိုင်းအတွင်း ကျူးဝင်နေရာချထားပေးမှုကိုအကြောင်းပြုကာ မြန်မာအစိုးရက ကုလသမဂ္ဂသို့တိုင်တန်းပြီး ဖယ်ထုတ်ခဲ့ရသည်။ ဘိန်းလုပ်ငန်း၊ ဘိန်းဖြူလုပ်ငန်းများဖြင့် စီးပွားရှာလာသော တရုတ်ဖြူများကို မြန်မာ့တပ်မတော်က တိုက်ထုတ်ခဲ့ရသည်။ ယနေ့တိုင်ဝမ်မှတရုတ်ဖြူအစိုးရဆိုသည်ကို မြန်မာကအသိအမှတ်မပြု(သံတမန်အဆက်သွယ်မပြုလုပ်)ပေ။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးပြန်ရပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအို၊ ထိုင်းတို့နှင့်နယ်နိမိတ်တိုင်းတာစာချုပ်ခြင်းကို လုပ်ဆောင်ခဲ့သည်။ ပြည်တွင်းဝင်နှောင့်နေသည့် အမေရိကန်စီအိုင်အေ ထောက်လှမ်းရေးအေးဂျင့်များက မြန်မာ–တရုတ်နယ်နိမိတ်စာချုပ်မချုပ်ဖြစ်အောင် နည်းမျိုးစုံဖြင့်နှောင့်ယှက်နေခဲ့သော်လည်း ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ–တရုတ်နယ်နိမိတ်စာချုပ်၊ နှစ်နိုင်ငံချစ်ကြည်ရေးစာချုပ်အား အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည်။

ကျွန်တော်သည် စာရေးဆရာကိုယ်စားလှယ်အပြင်၊ သတင်းစာဆရာကိုယ်စားလှယ်အဖြစ် တရုတ်ပြည်သို့ ငါးခေါက်ရောက်ခဲ့ရဖူးသည်။ ၁၉၅၈ ခုနှစ် နိုဝင်ဘာလက ဆိုဗီယက်ပြည်ထောင်စုအဖွဲ့ဝင်–ဥဇဘက်ကစ္စတန်နိုင်ငံ မြို့တော် တာ့ရှ်ကင့်တွင် ကျင်းပသည့် အာရှ–အာဖရိက စာရေးဆရာများ ပထမအကြိမ်ညီလာခံသို့ ဆရာဇေယျခေါင်းဆောင်သော မြန်မာစာရေးဆရာကိုယ်စားလှယ်အဖွဲ့တွင် ကျွန်တော်ပါဝင်ခဲ့သည်၊ ဘာသာပြန်ဆရာကြီး ဦးဘဝင်း၊ သတင်းစာဆရာဦးခင်မောင်ရီ၊ စာပေဗိမာန်အယ်ဒီတာ ဦးသာညွန့်(တက္ကသိုလ် ညွန့်ဦး)၊ မန္တလေးမှ စာရေးဆရာ၊ သတင်းစာဆရာ ဦးကြည်မြ၊ ကဗျာဆရာ ဒေါင်းနွယ်ဆွေနှင့်ကျွန်တော်ပါဝင်ခဲ့သည်။

ညီလာခံအပြီး မော်စကိုလီနင်ဂရက် (စိန့်ပီတာစဘတ်)မြို့တွင် ၁၀ ရက်ခန့်လေ့လာပြီး ၂၄–၁၀–၁၉၅၈ ရက်ညက မော်စကို ကရင်မလင်နန်းတော်၊ ဆိုဗီယက်ဆူပရင်းခန်းမ၌ ဆိုဗီယက်ဝန်ကြီးချုပ် နီကီတာဆာဂျီယေးဗစ်ချ်ခရုရှက်ဖ်က ညစာတည်ခင်းဧည့်ခံပွဲတက်ခဲ့သည်။ တရုတ်ယဉ်ကျေးမှုဝန်ကြီး ချင်ယန်ပင်း (စာရေးဆရာ ကလောင်အကျော်၊ မော်တွန်း)က အာရှ–အာဖရိကစာရေးဆရာများကို တရုတ်ပြည်သို့

စာမျက်နှာ ၁၃ သို့ ◆

◆ စာမျက်နှာ ၁၂ မှအဆက်

လိုက်ပါလည်ပတ်လေ့လာရန်ဖိတ်ပေသည်။ စာရေးဆရာသမဂ္ဂဥက္ကဋ္ဌလည်းဖြစ်သော စာရေးဆရာကြီးမော်တွန်း၏ ဖိတ်ကြားချက်ဖြင့် အာရှ - အာဖရိက စာရေးဆရာ ၃၀ ခန့်နှင့်အတူ မြန်မာစာရေးဆရာ ဦးကြည်မြ၊ ဦးသာညွန့်နှင့်ကျွန်တော်တို့ လိုက်ပါလေ့လာခဲ့သည်။ ပေကျင်း၊ ရှန်ဟိုင်း၊ ဝူဟန်၊ ဟန်ကျိုး၊ ချုံချင့်၊ ကူမင်းမြို့တို့သို့ ရက်သတ္တနှစ်ပတ်ကြာ လည်ပတ်လေ့လာခဲ့သည်။ ရောက်လေရာမြို့နယ်မှ တရုတ်စာရေးဆရာများက ဧည့်ခံကြသည်။ ဧည့်ခံပွဲများတွင် တရုတ်-မြန်မာချစ်ကြည်ရေးအဓွန့်ရှည်ပါစေဟူသော ဆုတောင်းသံများ မပြတ်ကြားခဲ့ရသည်။

၁၉၆၂ ခုနှစ် ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့တော်၌ ကျင်းပသည့် ရှစ်ကြိမ်မြောက် ကမ္ဘာ့လူငယ်ပွဲတော်တက်ရန် မြန်မာလူငယ် ၃၀ သည် ဦးစွာ ပေကျင်းသို့ သွားရောက်ကာ တရုတ်-ရုရှားနယ်စပ်မှ ထွက်ခွာမည့် လူငယ်ပွဲတော် အထူးရထားကိုစောင့်ရင်း ၁၂ ရက်ကြာ ပေကျင်းတွင်လေ့လာခဲ့သည်။ ထိုအဖွဲ့တွင် ဗကသ၊ တကသ၊ ရကသ ကျောင်းသားသမဂ္ဂခေါင်းဆောင်များ၊ ပြည်သူ့ရဲဘော်၊ စစ်ပြန်စစ်မှုထမ်းအဖွဲ့၊ ရခိုင်၊ မွန်၊ ကရင်လူငယ်အဖွဲ့များ၊ အရှေ့တောင်အာရှရှိ ကျွန်းဆွယ်အားကစားပြိုင်ပွဲမှန်သမျှ ရွှေတံဆိပ်မလွတ်တမ်း ဆွတ်ခူးခဲ့သူ ဂရေစီကာ(မမိုးအေး)၊ နော်ရီနာမြ မခင်ဌေး၊ အားကစားအယ်ဒီတာ ပျဉ်းမနားခင်မောင်ထွေး၊ စာပေဂီတ ရုပ်ရှင်နယ်ပယ်မှ ကျွန်တော်၊ မောင်နေမျိုး၊ မင်းသားမြတ်လေး၊ စန္ဒရားချစ်ဆွေ၊ အဆိုတော်မရီလေးတို့ ပါကြသည်။ လူငယ်များသာမက ပြည်သူ့ရဲဘော်မှ သက်ဝါကြီး ဗိုလ်အုန်းတင်၊ ဗိုလ်ထွန်းလင်း စသည့် အဘိုးကြီးများလည်းပါခဲ့သည်၊ အသွားအပြန်မော်စကိုတွင် နေထိုင်လေ့လာခဲ့ကြစဉ်က တွန်း-မြန်-ယုဟောင်ဝမ်စွေ့-မြန်မာ - တရုတ်ချစ်ကြည်ရေး အဓွန့်နှစ်ရှည်ပါစေဟူသော ဆုတောင်းသံများ ဆက်တိုက်ကြားခဲ့ရသည်။

၁၉၉၃ ခုနှစ် အမျိုးသားညီလာခံတက်နေသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ် ကျွန်တော်နှင့် ဟင်္သာတမြင့်ဌေး၊ ရုပ်ရှင်ဒါရိုက်တာ မောင်ဝဏ္ဏ၊ ပညာရေးတက္ကသိုလ်မှ ဒေါက်တာမတင်ဝင်း၊ မြဝတီမဂ္ဂဇင်းအယ်ဒီတာချုပ်ဦးသောင်းဖေ၊ စာပေဗိမာန်မှ စာရေးဆရာမနှင်းဖွေးတို့ ယူနန်စာရေးဆရာသမဂ္ဂဖိတ်ကြားချက်အရ ရက်သတ္တနှစ်ပတ် သွားရောက်လေ့လာခဲ့သည်၊ ကူမင်း၊ ယေဆီ၊ တေဟုန်တိုင်းမှ မန်စီ၊ ရွှေလီ၊ ဝမ်တိန်၊ ချူရုံ၊ တာ့လီမြို့တို့သို့ ရောက်ရှိလေ့လာကြရာ၌ သူ့ဘက်ကိုယ့်ဘက် ချစ်ကြည်ရေးသံများ အဆက်မပြတ်ခဲ့ပေ။ ကျွန်တော်နှင့်ဟင်္သာတမြင့်ဌေးတို့က ချစ်ကြည်ရေးကဗျာများ ရေးစပ်ရွတ်ဆိုခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှစေလွှတ်၍ မြန်မာမီဒီယာသမားငါးဦးအဖွဲ့ ရှန်ဟိုင်းသို့ သွားရောက်လေ့လာရပြန်သည်။ ထိုအဖွဲ့တွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ ဦးထွန်း၊ ဦးဝင်းတင်(သီဟအောင်)၊ ရန်ကုန်မီဒီယာဂရု(ပ်)မှ ဦးဇော်ဝင်းခိုင်၊ မန္တလေးမှ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဌေးအောင်၊ စာရေးဆရာအောင်စွမ်းတို့ပါဝင်ကြသည်။ ရှန်ဟိုင်းမြို့သစ်ကို နှံ့နှံ့စပ်စပ်လေ့လာကြရသည်။

၂၀၁၈ ခုနှစ်တွင် ကျွန်တော် အသက် ၈၇ နှစ်ရှိနေပေပြီ။ တရုတ်-မြန်မာ ချစ်ကြည်ရေးကိုလိုလားသူအစုအဖွဲ့များကဖိတ်၍ ဦးထွန်း၊ ကျွန်တော်နှင့် အဖော်မောင်သန့်ဇင်တို့ သွားရောက်လေ့လာရပြန်သည်။ ကူမင်း၊ လီကျန်း၊ ပေကျင်း၊ ကွေ့ကျိုးမြို့တို့သို့ လှည့်လည်လေ့လာခဲ့ကြရသည်။ တရုတ်ပြည်သို့ရောက်လေတိုင်း နှစ်နိုင်ငံချစ်ကြည်ရေး၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးစကားသံများ မပြတ်ကြားခဲ့ရပေသည်။

တရုတ်ခရီးစဉ်ငါးခေါက်ကို သတိပြုမိသည်မှာ တရုတ်ခေါင်းဆောင်များနှင့် တရုတ်ပြည်သူတို့သည် ကြားလေသွေးမခံ၊ ပြည်ပနယ်ချဲ့၊ သတင်းနှင့်ရေဒီယို၊ ရုပ်မြင်သံကြားများလုံးဝနားမထောင်၊ နားမယောင်ကြဘဲ ဆင်းရဲကျပ်တည်းသော တရုတ်ပြည်သူများကို ယနေ့ကမ္ဘာမှာ စီးပွားဖြစ်ထွန်းဆုံးနိုင်ငံအဆင့် ရောက်အောင် ပြိုင်တူတွန်း၍ရွှေ့ခဲ့ကြပုံကို တွေ့ရပါ



၁၉၅၈ ခုနှစ် ပေကျင်းမြို့၌ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် အာရှ-အာဖရိကစာရေးဆရာများ စုပေါင်းမှတ်တမ်းဓာတ်ပုံ။

သည်။ တကယ်လုပ်၊ အဟုတ်ဖြစ်သည်ဆိုသော စကားကို တိကျပြတ်သားသော ခေါင်းဆောင်မှု၊ ပြည်သူတို့၏ မတွေမဝေ မယိမ်းမယိုင် ကြားလေသွေးမခံ၊ သွေးခွဲမခံသောညီညွတ်မှု စုပေါင်းပါဝင်ကြသဖြင့် တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ တရုတ်စီးပွားပြုပြင်ပြောင်းလဲရေး၊ တရုတ်ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ပန်းဝင်ခဲ့သည်ကို နီးနီးကပ်ကပ်မြင်တွေ့ခဲ့ရသည်။

နိုင်ငံချင်းဆက်ဆံရာ၌ အပြန်အလှန်နားလည်မှုရှိရေး၊ အပြန်အလှန်ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဟူသော စကားလုံးအသုံးအနှုန်းများကို သုံးလေ့ရှိကြသည်။ မြန်မာနှင့်တရုတ်တို့ဆက်ဆံရေးတွင်မူ အခြားနိုင်ငံများအတွက်မသုံးဘဲ မြန်မာတို့အတွက်သာသုံးသော စကားလုံးတစ်လုံးသီးသန့်ရှိနေခဲ့သည်။ ယင်းစကားလုံးကား “ဆွေမျိုးပေါက်ဖော်” ဟူသော စကားလုံးဖြစ်ပေသည်။

တရုတ်တို့သည် အနုပညာဘက်တွင်ထူးချွန်ကြသည်။ တီထွင်ကြံဆမှု၌ အားသန်ကြသည်။ ဖွဲ့ဝီရိယကောင်းကြသည်၊ ကမ္ဘာ့လူသားတို့၏ယဉ်ကျေးမှုကို စတင်ပျိုးထောင်သော သမိုင်းဦးကာလတွင် နိုင်ငံကြီးငါးနိုင်ငံကို မှတ်တမ်းပြုထားကြသည်။ ယင်းတို့မှာ အီဂျစ်နိုင်ငံ (နိုင်လ်မြစ်)၊ ဘေဘီလုံ (ယူဖရေးတီးစ်မြစ်နှင့် တိုက်ဂရစ်မြစ် - ယနေ့အီရတ်နိုင်ငံအတွင်း)၊ ရှေးဟောင်းအိန္ဒိယ (အိန္ဒုမြစ်၊ ဂင်္ဂါမြစ်)၊ တရုတ်ပြည်(ယန်စီမြစ်နှင့် ဟိုဟမ်ဟိုးမြစ်ဝါ)တို့ဖြစ်ပြီး မြစ်ကြီးငါးသွယ်ယဉ်ကျေးမှုသမိုင်းဦးမြစ်များဟု ခေါ်တွင်ကြသည်။

ကမ္ဘာပေါ်တွင် စက္ကူကိုပထမဆုံးတီထွင်ထုတ်လုပ်အသုံးပြုသည့်နိုင်ငံမှာ တရုတ်နိုင်ငံ(ရှေးအကျဆုံးတီချောင်သတင်းစာ တရုတ်တို့ထုတ်ခဲ့သည်)၊ ပုံနှိပ်ခြင်းအတတ်ကိုလည်း တရုတ်တို့ကစတင်ခဲ့သည်။ ခရီးသွားရာ၌ အရပ်မျက်နှာမျက်စိမလည်စေရန် အသုံးပြုသည့် မြောက်အရပ်ကိုအမြဲညွှန်ပြသော သံလိုက်အိမ်မြှောင်၊ လက်နက်များပြုလုပ်ကာကွယ်ရာ၌ အဓိကကျသောယမ်းကိုလည်း တရုတ်တို့တီထွင်ခဲ့သည်။ ပိုးမွေးမြူပြီး ပိုးထည်ထုတ်လုပ်ခြင်းအတတ်ကိုလည်း တရုတ်တို့ စတင်တီထွင်ခဲ့သည်။ ကြွေထည်ကြွေပန်းကန် စသည်တို့ကိုလည်း တရုတ်တို့တီထွင်သဖြင့် ကြွေထည်ပစ္စည်းများကို အင်္ဂလိပ်ဘာသာစကား၌ China Ware တရုတ်လုပ်ကြွေထည်ဟု သုံးနှုန်းကြသည်။

ကျွန်တော်၏ တရုတ်ခရီးစဉ်များ၌ တွေ့ရသော အံ့သြလောက်ဖွယ် တရုတ်တို့စွမ်းဆောင်မှုများကို တင်ပြပါရစေ။ ၁၉၅၈ ခုနှစ် ပထမဆုံးအခေါက်က ပေကျင်းမြို့တွင်းမှ ကားဖြင့်ထွက်ရသောနေရာတွင် ဂရိတ်ဝေါလ် ခေါ် တရုတ်ပြည်တံတိုင်းကြီးကို တွေ့ရသည်။ တရုတ်ဧကရာဇ်ရှိဟောင်တီလက်ထက် ပင်ပန်းခံ၊ အကုန်ကျခံ၍တည်ဆောက်ခဲ့သော မြို့ရိုးတံတိုင်းကိုကျော်လွန်သော တိုင်းပြည်၏တံတိုင်းကြီးရှိသည်။ တံတိုင်းကြီးအား ကျောက်အုတ်တို့ဖြင့် တည်ဆောက်ထားပေသည်။ အမြင့်ပေ ၃၀ ခန့်၊ တံတိုင်းပေါ်မှ စင်္ကြံလျှောက်ရန် ၁၀ ပေခန့်ကျယ်၏။ ဘေးတစ်ဖက်တစ်ချက်၌ သူရဲခိုကဲ့သို့ ကာရံထားကာ မိုင်ပေါင်း ၂၅၀၀ ကျော်ရှည်ပြီး တောင်တန်းများပေါ်မှ ဖြတ်သန်းတည်ဆောက်ထား၍ ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်၏။

ဟန်ချောင်(ဟန်ကျို့)မြို့တွင်မူ ပိုးချည်ဖြင့် ရက်လုပ်သော ပန်းချီကားများလုပ်ငန်းတွေ့ရသည်။ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းပုံ၊ ဗိုလ်ချုပ်ကြီးနေဝင်းပုံ၊ သမ္မတကြီး မန်းဝင်းမောင်ပုံများကို ၂ ပေ x ၃ ပေ အရွယ် ပိုးဖြင့်ရက်လုပ်လေသည်။ တောတောင်၊ မြို့ရွာရှုခင်းပန်းချီကားကိုလည်း အမြင့် ၁ ပေခွဲ၊ အလျား ၈ ပေခန့်ရှိအောင် ရက်လုပ်ထားပေသည်။ လက်ဝါးအရွယ်ကားလ်မတ်စ်၊ ဖရက်ဒရစ်အိန်ဂျယ်၊ စတာလင်၊ လီနင်၊ မော်စီတုန်းတို့၏ပုံတူပန်းချီလေးများမှာ တစ်ခုလျှင် ၁၀ ဆင့် (တစ်ယွမ်ဖိုး ၁၀ ခု)ဖြင့် ဝယ်ခဲ့ရဖူးသည်။

ပေကျင်းမှ ကားဖြင့် မိုင် ၃၀ ခန့်သွားရသော တောတောင်အရပ်၌ ရှေးခေတ်မင်းဆက်ဘုရင် ၁၃ ပါး၏ သင်္ချိုင်းဂူများရှိရာဒေသတွင် ကြီးမားသော ရေလှောင်ကန်တော်ကြီးကို ၁၉၅၈ ခုနှစ်က တည်ဆောက်ခဲ့သည်။ အရှည်ပေ ၂၀၀၀၊ အကျယ်ပေ ၂၅၀ ကျော်၊ အမြင့်ပေ ၉၀ ရှိ ရေလှောင်ကန်ကို အင်္ဂလန်အင်ဂျင်နီယာများက ငါးနှစ်ကြာအောင် တည်ဆောက်ရသည့်စီမံချက် ရေးဆွဲပေးခဲ့သည်။ တရုတ်အင်ဂျင်နီယာတို့က သုံးနှစ်ခွဲအတွင်း ပြီးအောင်ပြင်ဆွဲကြရာ လက်တွေ့၌ မော်စီတုန်း၊ လျူလျှောက်ချိ၊ မာရှယ်ချူတေး၊ မာရှယ်ချင်ယီ၊ ချူအင်လိုင်း စသည့်ခေါင်းဆောင်များ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များက လာရောက်လုပ်အားပေးကြသဖြင့် ထိုရေလှောင်ကန်ကို ရက်ပေါင်း ၁၆၀ တွင် ပြီးသည်။ ကုန်ကျစရိတ်ယွမ်ငွေ နှစ်ကုဋေလျာထားသော်လည်း လူထုလုပ်အားကြောင့် ယွမ်လေးသန်းသာ ကုန်ကျခဲ့သည်။ ထိုရေလှောင်ကန်ဝန်းကျင်၌ လူအများလာရောက်အပန်းဖြေရန် လိုအပ်သည်များအပါအဝင် လိုအပ်သမျှတည်ဆောက်ထားရှိသည်။ ငါးမွေးမြူသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည်။ ၂-၇-၁၉၅၈ ခုနှစ်တွင်ဖွင့်ခဲ့သည်။ နောက်ဆုံးပဉ္စမအခေါက်တွင် ယီကျန်းမြို့နယ်တွင်း၌ ယန်စီမြစ်ကျဉ်းသုံးခုဒေသတွင် မြစ်ရေကိုသိုလှောင်မည့် ဆည်တမံကြီးဆောက်လုပ်ခဲ့သည်။ ယန်စီမြစ်သည် တရုတ်နိုင်ငံ အနောက်ဘက်မှစတင်ကာ အရှေ့ဖျား အရှေ့တရုတ်ပင်လယ်တွင်းစီးဝင်သည်။ ရှေးဟောင်းယဉ်ကျေးမှုထွန်းကားရာ မြစ်ဝှမ်းဖြစ်သည်။ နှစ်စဉ်ရေကြီးရေလျှံဖြစ်သည်။ ၁၀ နှစ်တစ်ကြိမ် အပျက်အစီးများပြားလှသော ရေကြီးမှုဖြစ်စဉ်မှာ ထိုနေရာတွင်ဆည်ဆောက်ပြီး မြစ်ရေကိုထိန်းချုပ်၍ ရေကြီးမှုကိုတားဆီးသည်။ ရေရှားပါးသောဒေသများသို့ ရေပို့လွှတ်ကာ လျှပ်စစ်ဓာတ်အားလည်း ဖြန့်ဖြူးသည်။ ထိုစနစ်ကြီးဖြစ်လာစေရန် တရုတ်အမျိုးသားရေးခေါင်းဆောင်ကြီး ဆွန်ယက်ဆင်က စိတ်ကူးယဉ်ခဲ့ဖူးသည်။ ငွေကြေးအကုန်အကျများ၍ မဆောက်ဖြစ်ခဲ့။ ဥက္ကဋ္ဌမော်စီတုန်းက မြစ်ကျဉ်းသုံးခုဆိုင်နေရာတွင် ဧရာမရေအိုင်ကြီးဖြစ်လိုကြောင်း ဆန္ဒဖြစ်ခဲ့သည်။ ချူအင်လိုင်းတို့က ဖြစ်အောင်ကြိုးစားသည်။

**တရုတ်ခရီးစဉ်ငါးခေါက်ကိုသတိပြုမိသည်မှာတရုတ်ခေါင်းဆောင်များနှင့်တရုတ်ပြည်သူတို့သည် ကြားလေသွေးမခံ၊ ပြည်ပနယ်ချဲ့၊ သတင်းနှင့်ရေဒီယို၊ ရုပ်မြင်သံကြားများ လုံးဝနားမထောင်၊ နားမယောင်ကြဘဲ ဆင်းရဲကျပ်တည်းသော တရုတ်ပြည်သူများကို ယနေ့ကမ္ဘာမှာ စီးပွားဖြစ်ထွန်းဆုံး နိုင်ငံအဆင့်ရောက်အောင် ပြိုင်တူတွန်း၍ရွှေ့ခဲ့ကြပုံကိုတွေ့ရ. . .**

**တကယ်လုပ်၊ အဟုတ်ဖြစ်သည်ဆိုသောစကားကို တိကျပြတ်သားသောခေါင်းဆောင်မှု၊ ပြည်သူတို့၏ မတွေမဝေ မယိမ်းမယိုင် ကြားလေသွေးမခံ၊ သွေးခွဲမခံသောညီညွတ်မှု စုပေါင်းပါဝင်ကြ. . .**

စာမျက်နှာ ၁၄ သို့ ◆

◆ စာမျက်နှာ ၁၃ မှအဆက်

အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ် စသည့် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ထိုစီမံကိန်းကြီးမှာကြီးလွန်းသည်။ ငွေကုန်ကြေးကျများမည်။ အောင်မြင်ဖြစ်ထွန်းရန် အလားအလာမရှိ၍ မဆောက်ရန်ဝိုင်းတားကြလေသည်။ တရုတ်တို့က မြစ်တစ်ဖက်ကမ်းတွင် တောင်များကို လိုဏ်ခေါင်းတူးလမ်းဖောက်ကာ ဆည်ဆောက်ရန် လိုအပ်သောပစ္စည်းများ သယ်ပို့ပေးခဲ့သည်။ ယန်စီမြစ်၏မြစ်ရေစီးကြောင်းကိုပိတ်သည်။ ရေကြောင်းလွှဲသည်။ မြစ်ရေကိုထုထည်ကြီးမားစွာသိုလှောင်ဖြန့်ဖြူးနိုင်မည့် ဆည်ကြီးဖြစ်ရန် မြစ်အောက်ခြေတွင် ကျောက်တုံးကြီးများ တန်ချိန်သန်းချီ၍ချရမည်။ ဆည်နှင့်မလွတ်သော လူတစ်သန်းကျော်၏အိမ်ရာများကို မြစ်တစ်ဖက်ကမ်းတောင်ကြောပေါ် ရွှေ့ဆောက်ပေးသည်။ မြစ်ရေကိုပိတ်ပြီး ဆည်ကြီးဆောက်ပြီးသောအခါ ယန်စီမြစ်သည် ဆည်ကြီး၏အောက်ခြေတွင် မီတာ ၁၀၀ (အချို့နေရာ၌ မီတာ ၃၀၀) မြင့်တက်လာရာ ဆည်အောက်မှမြစ်ကြောင်းနှင့် ဆည်ရေမျက်နှာပြင်တွင် မြစ်၏အထက်ပိုင်းရေမျက်နှာပြင်တို့သည် မီတာ ၁၀၀ ကျော်မြင့်နေသည်။


ကျွန်တော်တို့သည် ယိကျန်းမှ လူ ၃၀၀ ပါ သုံးထပ်သင်္ဘောဖြင့် ယန်စီမြစ်ကိုဆန်တက်ခဲ့ရာ ဆည်အခြေအရောက် မြစ်ကြောင်းသည် လမ်းဆုံးသွားတော့သည်။ သင်္ဘောကိုသံမဏိအကာများ လေးဖက်လေးတန်ကာထားသည့်အခန်းတွင်း မောင်းသွင်းပြီး တံခါးများပိတ်လိုက်သည်။ ထို့နောက် ရေများသွင်းခြင်း၊ အောက်မှတွန်းတင်သောစက်ဖြင့် သင်္ဘောကြီးသည် ထိုအခန်းငယ်အတွင်း ပေ ၃၀၀ ခန့် မြင့်တက်လာသည်။ ဆည်ရေမျက်နှာပြင်နှင့်ညီသောနေရာတွင် ရှေ့မှတံခါးကြီးနှစ်ချပ်ပွင့်ကာ ဆည်ရေပြင်ပေါ်မောင်းတက်ခဲ့သည်။ အပြန်တွင် အလားတူ သင်္ဘောကိုပြန်ချပေးကြသည်။ ယန်စီမြစ်အတွင်း အစုန်အဆန်ကူးကာ ခုတ်မောင်းနေကြသော သင်္ဘောမှန်သမျှ အစိုးရက အဖိုးအခမယူဘဲ အခမဲ့ဆည်ပေါ်တင်ပေးခြင်း၊ ဆည်အောက်ပြန်ချပေးခြင်းများ လုပ်ပေးသည်။ ကျွန်တော်တို့သည် နောက်တစ်နေ့ ထိုဆည်သို့ထပ်သွားကာ ဆည်တည်ဆောက်ရေးရုံးပြခန်းကို သွားရောက်လေ့လာကြသည်။ နိုင်ငံကြီးများက မဖြစ်နိုင်ဘူး၊ မလုပ်နဲ့ဟုဝိုင်းတားသည့်ကြားက တရုတ်တို့ဆောက်လုပ် အဟုတ်ဖြစ်သွားသော ကြံ့ရည်ဖန်ရည်၊ လုပ်ရည်ကိုင်ရည်နှင့် ဇွဲ၊ လုံ့လ၊ ဝီရိယကား လက်ဖျားခါလောက်ပါသည်။

တရုတ်အစိုးရသည် ကွန်မြူနစ်အစိုးရဆိုသော်လည်း ဗုဒ္ဓဘာသာဘုရားကျောင်းများ၊ ခရစ်ယာန်၊ အစ္စလမ်ဝတ်ပြုကျောင်းများကို ထိန်းသိမ်းပြုပြင်ပေးသည်။ ကျွန်တော်၏ ပထမဆုံးအခေါက် တရုတ်ပြည်ခရီးသည် ၁၉၅၈ ခုနှစ်ကဖြစ်ရာ ယခု ၂၀၂၄ ခုနှစ်တွင် နှစ်ပေါင်း ၆၆ နှစ်ပင်ကြာခဲ့ပြီဖြစ်ပါသည်။ နောက်ဆုံးပဉ္စမအခေါက်က ၂၀၁၈ ခုနှစ်ဖြစ်၍ ခြောက်နှစ်သာရှိပါသေးသည်။ ပထမအခေါက်အတွေ့အကြုံများကို တရုတ်မိတ်ဆွေများအား ပြန်ပြောင်းပြောပြသောအခါ သူတို့က အဲဒီအချိန် ကျွန်တော်တို့ မွေးတောင် မမွေးသေးဘူးဟုပြောကြသည်။

၁၉၅၈ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် တရုတ်အစိုးရဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းက အာရှ အာဖရိကစာရေးဆရာများကို သူ၏ရုံးအဆောက်အအုံသို့ ဖိတ်ခေါ်ဧည့်ခံသည်။ နိုင်ငံတစ်ခုချင်းအလိုက် နှုတ်ဆက်ရာတွင် မြန်မာစာရေးဆရာသုံးဦး (ဦးကြည်မြ၊ ဦးသာညွန့် - တက္ကသိုလ်ညွန့်ဦးနှင့် ကျွန်တော်တို့သုံးယောက်)အား ပို၍ရင်းရင်းနှီးနှီး စကားပြောခဲ့သည်။ မြန်မာနိုင်ငံသို့ သူအကြိမ်ကြိမ်ရောက်ခဲ့ပုံများပြောပြသည်။

ကျွန်တော်က ဝန်ကြီးချုပ်ချူအင်လိုင်းကို မြန်မာလုံချည်၊ တိုက်ပုံ၊ ခေါင်းပေါင်းတို့ဖြင့် ရန်ကုန်မြို့တော်ခန်းမအရှေ့တွင် အီဂျစ်သမ္မတနာဆာ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဂျဝါဟာလာနေရူးတို့နှင့် သင်္ကြန်ရေကစားနေပုံ၊ ရွှေတိဂုံစေတီတော်ရင်ပြင်၌ ခေါင်းလောင်းထိုးနေပုံတွေ ကျွန်တော်လုပ်ကိုင်သော ခေတ်သစ္စာသတင်းစာ၌ ဖော်ပြခဲ့ပုံပြောပြခဲ့သည်။

၁၉၆၀ ပြည့်နှစ် တရုတ်-မြန်မာနယ်နိမိတ်စာချုပ်လက်မှတ်ရေးထိုးနိုင်သောအောင်ပွဲတွင် မစ္စတာချူအင်လိုင်းသည် တရုတ်ဘဲလေးအကအဖွဲ့ခေါ်လာခဲ့



၁၉၅၈ ခုနှစ် ပေကျင်းမြို့၌ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့်မြန်မာစာရေးဆရာသုံးဦး မှတ်တမ်းဓာတ်ပုံ။

ပုံပြောပြသည်။ ၁၉၅၀ ပြည့်နှစ်က ချူအင်လိုင်းသည် ပုဂံညောင်ဦးသို့ရောက်ခဲ့ရာတွင် ရွှေစည်းခုံစေတီတော်ကြီးကို ဖူးတွေ့ခဲ့ရသည်။ သဒ္ဓါတရားကုသိုလ်စိတ်ပေါက်လာကာ သူ့ကိုယ်ပိုင်ကျပ်ငွေငါးထောင်ဖြင့် ရွှေစည်းခုံစေတီပရိဝုဏ်အတွင်း အာရုံခံတန်ဆောင်းဆောက်လုပ်လှူခဲ့သည်။ ရန်ကုန်ရှိ တရုတ်မျိုးနွယ်များ၊ မြန်မာတရုတ်ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့က နှစ်စဉ်ညောင်ဦးသို့ လေယာဉ်စင်းလုံး၊ ကားကြီးကားငယ်အသွယ်သွယ်ဖြင့် ရွှေစည်းခုံမှ ချူအင်လိုင်းတန်ဆောင်းသို့သွားရောက်ကာ ဆွမ်းကျွေးကြ၊ လှူကြ၊ တန်းကြသည်။ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က ဖိတ်ခေါ်၍ ကျွန်တော်နှင့် ကိုမောင်မောင်စန်း(စန်းနီလာဝင်း)တို့ ညောင်ဦး ချူအင်လိုင်းတန်ဆောင်းအလှူသို့ သုံးနှစ်လိုက်ပါခဲ့ရဖူးသည်။ ချူအင်လိုင်း၏ဇနီး မဒမ်တိန့်ရင်ချောင်လည်း ရန်ကုန်သို့လာလေ့ရှိပြီး ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ရင်းနှီးခင်မင်ကြသည်ကိုသတိပြုမိသည်။ ယန်စီမြစ်ကျဉ်းသုံးဆိုင်ဆည်ကြီးကို ချူအင်လိုင်းစတင်တည်ဆောက်ခဲ့သည်။ ဝန်ကြီးချုပ်ချူအင်လိုင်းသည် ၁၉၅၄ ခုနှစ်က အိန္ဒိယဝန်ကြီးချုပ် ဂျဝါဟာလာနေရူး၊ မြန်မာဝန်ကြီးချုပ် ဦးနုတို့နှင့်ဆွေးနွေးညှိနှိုင်းကာ နိုင်ငံတော်ဆက်ဆံရေး ငါးပါးသီလ ခေါ် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို ဖော်ဆောင်ကျင့်သုံးခဲ့ရာ ယခု ၂၀၂၄ ခုနှစ်တွင် နှစ်ပေါင်း ၇၀ ပြည့်ခဲ့ပြီဖြစ်သည်။ တရုတ်ပြည်အလယ်ပိုင်းရှိ ပိုးလမ်းမတစ်လျှောက် ကျောက်တောင်များရှိရာထိုကျောက်တောင်များတွင် ကျောက်တောင်ကြီးတစ်ခုလုံးကို ဧရာမဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူထုလုပ်ထားသည်။ များစွာသော ကျောက်ဂူများ၌ ရေးလက်ရာဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ဓာတ်နိပါတ်တော်များကို နံရံဆေးရေးပန်းချီတစ်ဝက်ရုပ်ကြွပြုလုပ်ထားသည်ကလည်း ကမ္ဘာ့အံ့ဖွယ်ဖြစ်နေပေသည်။

၁၉၅၈ ခုနှစ်အခေါက်နှင့် ၂၀၁၈ ခုနှစ်အခေါက်တို့တွင် ပေကျင်းမြို့တော် အနောက်ဘက်တောင်ကုန်းများပေါ်တည်ထားသော မြတ်ဗုဒ္ဓ၏အထက်လက်ဝဲစွယ်တော်ကို ၉၃ ပီသာရှိ ရွှေစင်ရွှေသားစွယ်တော်စံပယ်ရာစေတီငယ်ကိုလည်း ဆင့်ဂံပုံ ဘုံ ၁၃ ဆင့်စေတီတော်ထက်တွင် ဖူးခဲ့ဖူးသည်။ ၂၀၁၈ ခုနှစ်ခရီးစဉ်တွင်လည်း အနီးကပ်ဖူးခဲ့ရသည်။ ၁၉၅၈ ခုနှစ်က ဖူးခဲ့ရသော မြန်မာနိုင်ငံတွင်ထုလုပ်ပြီးမှ တရုတ်ဘုန်းတော်ကြီးတစ်ပါးက ရှန်ဟိုင်းသို့သယ်လာသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကို သပ္ပာယ်ကြည်နူးဖွယ် ဖူးခဲ့ရသည်။ ၂၀၁၅ ခုနှစ် ရှန်ဟိုင်းခရီးစဉ်တွင်လည်း ထပ်မံဖူးခဲ့ရသည်။ ထိုလက်ဝဲစွယ်တော်သည် မြန်မာနိုင်ငံသို့ လေးငါးခေါက်ကြွချီအပူဇော်ခံခဲ့ဖူးသည်။ သီရိလင်္ကာမှစွယ်တော်သည် မြန်မာနိုင်ငံသို့ သုံးလေးကြိမ်ကြွခဲ့ဖူးသည်။ တရုတ်ဗုဒ္ဓဘာသာအဖွဲ့ချုပ်ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တချောင်ပုချူကို ၁၉၅၈ ခုနှစ်အခေါက်က ဖူးတွေ့ခဲ့ရသည်။ ပေကျင်းမှ ထိုဗုဒ္ဓဘာသာအဖွဲ့ချုပ်ရှိ နံ့သာသား လျောင်းတော်မူရုပ်ပွားတော်ကိုလည်းဖူးခဲ့ရသည်။

ကျွန်တော်တို့မြန်မာနိုင်ငံသည် ရှေးဟောင်းမြစ်ကြီးငါးသွယ် ယဉ်ကျေးမှု (ဝါ) ငါးနိုင်ငံယဉ်ကျေးမှု ရှေးဦးကတည်းကရှိခဲ့သည်ဆိုသော်လည်း ပျူဒေသအံ့ဖွယ်ယဉ်ကျေးမှု အနုပညာများ၊ စေတီပုထိုးများ၊ သရေခေတ္တရာမှ စေတီတော်၊ ရုပ်ပွားတော်များ၊ ပုဂံဒေသမှ ယနေ့ထိတိုင် ကမ္ဘာကရင်သပ်ရှုမောလာရောက်ဖူးတွေ့လေ့လာနေရသော ပန်း ၁၀ မျိုး အနုလက်ရာများ၊ ဘိလပ်မြေမပေါ်ခင်က အံ့မခန်း ဗိသုကာအတတ်ပညာ၊ ကဗျာ၊ တေး၊ ဂန္ထဝင်စာပေ၊ တေးဂီတအနုပညာများမှာလည်း ကမ္ဘာကသိမှတ်ထားကြပေသည်။ ရွှေတိဂုံစေတီတော်ကြီးမှအံ့ဖွယ်များ၊ အနုပညာ၊ ဗိသုကာလက်ရာများကလည်း ကမ္ဘာကိုဖွင့်ပြ ရင်သပ်ရှုမောဖြစ်စေသည်။

ကျောက်ခေတ် မြန်မာလူသား။ လွန်ခဲ့သော နှစ်ပေါင်းလေးကုဋေ မြန်မာလူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများအရ ကမ္ဘာ့လူသားအစ မြန်မာက၊ မြန်မာအစ လွန်ခဲ့သောနှစ်ပေါင်းလေးကုဋေ ပုံတောင်ပုံညာကဟု ဂုဏ်ယူဝင့်ကြွားနိုင်ကြပါသည်။ မြန်မာသည် အသိရှိရှိ၊ သတိမြဲမြဲဖြင့် ဇွဲ၊ လုံ့လအရင်းခံ ညီညွတ်စည်းလုံးမှုဖြင့် ကြိုးစားလိုက်ကြလျှင် တကယ်လုပ်အဟုတ်ဖြစ်နိုင်သော သဘာဝသယံဇာတရေမြေအရင်းမြစ်များဖြင့် အဘယ်ကြောင့် ရွှေနိုင်ငံမဖြစ်နိုင်ရမှာလဲဟုပြောပါရစေ။ တကယ်လုပ်အဟုတ်ဖြစ်ပါသည်။ ပြိုင်တူတွန်းလျှင်ရွှေ့ပါလိမ့်မည်။ မြန်မာတို့၏ ဆွေမျိုးပေါက်ဖော်တရုတ်ပြည်ကြီး၏ ညီညွတ်မှု၊ ဇွဲရှိမှုတို့ကိုနှလုံးသွင်းပြီး ကြိုးစားလိုက်ပါစို့ဟု နှိုးဆော်ရင်း မြန်မာ-တရုတ်နှစ်နိုင်ငံသည် ရေချင်းဆက်၊ မြေချင်းဆက်၊ တောင်ချင်းဆက်၊ လယ်မြေချင်းဆက်သကဲ့သို့ လူမျိုးချင်းလည်းဆက်မိနေသဖြင့် ၁၉၉၃ ခုနှစ်က ကူမင်းမြို့တော်စာရေးဆရာအသင်းရုံးတွင် ကျွန်တော်ရွတ်ဆိုခဲ့သော ဆက်နေသော ဥယျာဉ်ကြီးနှစ်ခုကဗျာဖြင့် ချစ်ကြည်ရေးဆောင်းပါးကို နိဂုံးချုပ်ပါရစေ...

## “ဆက်နေသောဥယျာဉ်ကြီးနှစ်ခု”

❍ ဇာတိချက်ကြွေ၊ မြန်မာ့မြေ၌
ညိုရွှေဖြူဝါ၊ စိမ်းနီပြာလွင်
ရောင်မျိုးဆင်လျက်၊ နွယ်ပင်ပန်းချုံ
ပွင့်မျိုးစုံ၍၊ သင်းထုံဝေလွင်
ပန်းဥယျာဉ်နှယ်၊ ငှါရင်ခံစား
သွေးချင်းများတို့၊ ကယား ကချင်
ကရင်နှင့်ရှမ်း၊ ရောပြွမ်းနေကြ
“ဝ”နှင့်ပလောင်၊ ပဒေါင် အာခါ
ချင်း ဗမာလည်း၊ ဂျိန်ဖော့တွဲလျက်
ယင်းနက် လားဟူ၊ ဘယ်သူခွဲမရ
နာဂ ရခိုင်၊ အချစ်ပြိုင်တူ
လီဆူ ခမ္မီး၊ မရမာကြီး…တဲ့
တစ်နည်းပအိုဝ့်၊ မွန်တို့ပါဝင်
ရေတွက်လျှင်သော်၊ တစ်ရာကျော်သွား
သုံးဆယ့်ငါးမျိုး၊ တို့အမျိုးတွေ
စုစည်းနေတဲ့၊ တို့မြေပြည်ထောင်စု
ထည်ဝါမှုကို၊ ဘယ်ဥယျာဉ်မှ
ယှဉ်မရအောင်၊ လှပဖူးပွင့်သင်းထုံလျက်။

❍ ယူနန်ပြည်နယ်၊ အလည်တစ်ခေါက်
ကြုံလာရောက်ရ၊
ဘယ်လောက်လှတဲ့ဥယျာဉ်လဲ။
ဒီမှာလည်း ရှမ်း၊ မြန်မာရှမ်းနဲ့
ခွဲခြမ်းမရ၊ အာခါ “ဝ”လည်း
တွေ့တာပဲနော်၊ ဂျိန်ဖော့ ကချင်
သွေးစပ်လျှင်မူ၊ လီဆူဟာလည်း
အမျိုးပဲမဟုတ်လား။

❍ ယူနန်ဥယျာဉ်၊ ပန်းစုံလင်လှ
ပြာလွင်ခရမ်း၊ မရန်း နီတျာ
ညိုပြာစိမ်းလဲ့၊ ပွင့်လှတဲ့ပန်းငုံ
ထုံလှတဲ့ရနံ့၊ ခန့်လှတဲ့အဆင်း
တိုင်းရင်းသားချင်းပြိုင်ဆိုင်၊
ပိုင်…တဲ့၊ ယိ…တဲ့
ချစ်ကြည်ခင်မင်၊ သည်ဥယျာဉ်လည်း
ပြိုင်လျှင်ပြိုင်သူ၊ ရှုံးပေလိမ့်တကား။

❍ ယူနန်နဲ့မြန်မာ၊ အညာနဲ့ အကြေ
မြစ်တွေအစင်းစင်း၊
လယ်ကွင်းတွေအထောင်ထောင်
တောင်တွေအတန်းတန်း၊ ပန်းတွေအရုံရုံ
ရေဆုံမြေဆုံ၊ အကုန်တစ်ဆက်တည်း
လူမျိုးလည်းနှစ်မြေခွ၊
နေလာကြတာကြာပါပကော။
လူမျိုးချင်းဆက်၊ မြေချင်းဆက်၍
ရေဆက်တောင်ဆက်၊ မြစ်တွေဆက်ခဲ့
ဟိုဘက်ဥယျာဉ်၊ သည်ဘက်တွင်လည်း၊
ပန်းတွေပဲပေါ့
မခွဲမခြမ်း၊ တစ်စိတ်တစ်ဝမ်းပင်၊
ဥယျာဉ်တစ်ခု
ပမာပြုလောက်၊ ဂုဏ်မြောက်လှတဲ့တူညီမှု။

❍ အစဉ်အလာ၊ နှစ်ရာထောင်ချီ
ချစ်ကြည်ခဲ့တဲ့တို့နှစ်မြေ။
ဘယ်သူခွဲခွဲ၊ စဉ်မကွဲဘဲ
လက်တွဲပူးပေါင်း၊
နှစ်သောင်းသိန်းချီ၊ ချစ်ကြမည်ဟု
နှစ်ပြည်မိဋ္ဌာန်ပြုလျက်တကား။ ။

တက္ကသိုလ်မြတ်သူ

# ၂၀၂၄ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း / ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စဉ် ဆုရရှိခဲ့ကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်
တိုင်းမှူး
ဗိုလ်မှူးချုပ်အောင်ဇော်ထွေးထံ
အောင်ပွဲရ
ဒိုင်းဆုများအား အသင်းလိုက်
ပြန်လည်အပ်နှံကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၂၄ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း/ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စဉ် ဆုရရှိခဲ့ကြသည့် အားကစားသမားများအား ဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ချီးကျူးဂုဏ်ပြုစကားပြောကြားပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အောင်ပွဲရဒိုင်းဆုများအား အသင်းလိုက်ပြန်လည်အပ်နှံကြရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုဆုငွေများပြန်လည်ပေးအပ်ကာ အောင်ပွဲရအားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် တိုင်းစစ်ဌာနချုပ်အနေဖြင့် အားကစားနည်း (၁၁)မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တံခွန်စိုက်ဒိုင်းဆု ၃ ခု၊ ရွှေတံဆိပ် ၂၀ ခု၊ ငွေတံဆိပ် ၁၀ ခုနှင့် ကြေးတံဆိပ် ၁၉ ခု ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ ချောင်းသုံးခွကျေးရွာအုပ်စု၊ ချောင်းသုံးခွကျေးရွာမှ သံဃာတော် ၃ ပါးနှင့် ဒေသခံပြည်သူ ၉၀ ဦးတို့ကို အဆိုပါကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးအနောက်ကျေးရွာမှ သံဃာတော် ၃ ပါးနှင့် ဒေသခံပြည်သူ ၈၁ ဦးတို့ကို အဆိုပါကျေးရွာရှိ သာသနာ့ရိပ်သာကျောင်းတိုက်၌လည်းကောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။


ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့်ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

၂၇-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




❑ **အားကောင်းသောမုန်တိုင်းငယ်မှ**


ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။


အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်သည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ထိုမှတစ်ဆင့် နောက်နှစ်ရက်အတွင်း သီရိလင်္ကာနိုင်ငံကမ်းခြေအနီးမှ ဖြတ်ကျော်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် နိုဝင်ဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

(မိုး/ဇလ)




❍ **ကျောက်မျက်ရတနာပြပွဲမှ**

ကျောက်စိမ်းအတွဲအမှတ်(၄၀၆၀) မှ အတွဲအမှတ် (၄၈၀၀) အထိ ကျောက်စိမ်းအတွဲပေါင်း ၇၄၁ တွဲအနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၄ တွဲကို ရောင်းချရကြောင်း ကြေညာသည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ အနက်မှ ပုလဲအတွဲပေါင်း ၂၀၈ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကိုလည်းကောင်း၊ အုပ်စု(အေနှင့်ဘီ )တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ တွဲအနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကို လည်းကောင်း၊ အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၂၄၃၁ တွဲအနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၄၃ တွဲကို လည်းကောင်း ပြည်တွင်း၊ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရရှိစေရန်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့ရှိ ကျောက်စိမ်းအချောထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော MSME လုပ်ငန်းများအတွက် ကုန်ကြမ်းရရှိစေရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သိရသည်။ **ကျော်လွင်(မြဝတီ)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ အတည်ပြုပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေဆက်လက်ဆောင်ရွက်ရမည့်စီမံကိန်းများ၊ လုပ်ငန်းများအတွက် အသုံးစရိတ်များကို ကျခံသုံးစွဲရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်ခြင်း၊ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် မလုံလောက်ခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းကျခံသုံးစွဲမှု မပြုနိုင်ခြင်း စသည့်အခြေအနေများကြောင့် ထပ်မံလိုအပ်လာသည့်ငွေကိုသာ တောင်းခံရမည်ဖြစ်ကြောင်း၊ ဌာန၊ အဖွဲ့အစည်းများမှတောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲရမည်ဖြစ်သည့်အတွက် သုံးစွဲနိုင်မည့်ကာလသည် (၄)လခန့်သာကျန်ရှိကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှစ်မကုန်မီ လုပ်ငန်းများပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသုံးစရိတ်များကိုသာ တောင်းခံကြရမည်ဖြစ်ပြီး အချိန်မီပြီးစီးအောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသုံးစရိတ်များ ပိုမိုသုံးစွဲနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ ပြည်တွင်းစားသုံးမှုအတွက် အထောက်အကူပြုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည့်အပြင် ပုဂ္ဂလိကကဏ္ဍ၏ ဝယ်လိုအားတိုးတက်စေနိုင်ခြင်းကြောင့် နိုင်ငံ့စီးပွားပြန်လည်တိုးတက်လာစေရေးအတွက် အစိုးရ၏ဦးဆောင်မှုနှင့် စီးပွားရေးအခြေအနေပြန်လည်နိုးထလာစေရန် ဆောင်ရွက်ခြင်းဟုလည်းဆိုနိုင်ကြောင်း။

အချို့သောကိစ္စများကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရန် နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာ ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေးလည်း ပြန်လည်ဦးမော့လာစေမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှုများလျှော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုလည်း လျော့ကျလာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး နိုင်ငံတော်၏ ငွေကြေးကဏ္ဍတည်ငြိမ်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

**❖ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှုများလျှော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုလည်းလျော့ကျလာမည်ဖြစ်၊ သို့မှသာ ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး နိုင်ငံတော်၏ငွေကြေးကဏ္ဍတည်ငြိမ်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်. . .**

**❖ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုမည့်လုပ်ငန်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးမည့်လုပ်ငန်းများတွင် ထိထိရောက်ရောက်ဖြစ်စေရေး ကြပ်မတ်စိစစ်သုံးစွဲကြစေလို၊ အသုံးစရိတ်နှင့်ဆက်စပ်နေသည့် GDP ရည်မှန်းချက်များကို ပြည့်မီစွာအကောင်အထည်ဖော်နိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်. . .**

**❖ စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ကေတိုးချဲ့ခြင်းဟူသည့် နည်းလမ်း ၃ သွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင်ဆောင်ရွက်နိုင်၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးမြှင့်ခြင်းသည် မူလရှိပြီးအခြေခံအပေါ် တိုးတက်အောင်ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖြစ်နိုင်ခြေမြင့်မားသဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး၌ စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသဖြင့် ရေရရှိရေးနည်းလမ်း ၄ ခုဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေစသည်တို့ကို ဒေသအလိုက်ပေါင်းစပ်အသုံးပြုရမည်ဖြစ်. . .**

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုမည့် လုပ်ငန်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးမည့်လုပ်ငန်းများတွင် ထိထိရောက်ရောက်ဖြစ်စေရေး ကြပ်မတ်စိစစ်သုံးစွဲကြစေလိုကြောင်း။

ထို့ပြင် နိုင်ငံ၏ဂျီဒီပီတိုးတက်ရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားပြီးလည်း ဖြစ်ကြောင်း၊ အသုံးစရိတ်နှင့်ဆက်စပ်နေသည့် GDP ရည်မှန်းချက်များကို ပြည့်မီစွာအကောင်အထည်ဖော်နိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်သို့ တင်ပြခြင်းဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ရာမှာ သာမန်အသုံးစရိတ်အပိုင်းလိုအပ်ချက်များနှင့် မူလခွင့်ပြုငွေတွင်ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစ၍ နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ငွေများ တိုးမြှင့်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးအန္တရာယ်များကြောင့် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထပ်မံထောက်ပံ့ပေးရမည်ဖြစ်သည့်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းရှိ ထောက်ပံ့ငွေစာရင်းတွင် ကျပ် ၂၇၅ ဘီလီယံခွင့်ပြုပေးခဲ့ကြောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြု

**❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့ကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေနှင့် အခြားလိုအပ်ချက်များရှိပါက နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားသွန်ခွန်စိုက်ဆောင်ရွက်ရန်လို၊ အများပြည်သူအသုံးပြုနိုင်သည့် အခြေခံလိုအပ်ချက်များကို နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖြည့်ဆည်းပေးနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်. . .**

ငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေကြမ်းများနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာအကြံပြုချက်များကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

၎င်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

## နိုင်ငံ့ GDP တိုးတက်ရေး

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကိုတွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံ့ GDP တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာ၌ နိုင်ငံအတွက် အခြေခံကျသော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေးထွက်ကုန် စိုက်ပျိုးသီးနှံများ ပိုမိုထွက်ရှိတိုးတက်လာမည်ဆိုပါက ၎င်းကိုအခြေခံသည့် စက်မှုကဏ္ဍကြီးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍကြီးတိုးတက်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးမြင့်လာမည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍကြီးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်သကဲ့သို့ ငွေကြေးစီးဆင်းမှုများပြားလာပြီး ဘဏ္ဍာရေးကဏ္ဍကလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကဏ္ဍများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆက်တိုးတက်လာမည်ဖြစ်၍ အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို တိုးတက်စေရေး အားသွန်ခွန်စိုက်ဆောင်ရွက်ရန်လိုကြောင်း။

ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့ခြင်း၊ သွင်းအားစုများဈေးနှုန်းမြင့်တက်ခြင်းတို့ကိုအကြောင်းပြု၍ အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် အခြေခံလူတန်းစားများအနေဖြင့် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကစားသုံးသည့်အသားများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးတွင် အများစုကို ဒေသအလိုက်၊ နေရာအလိုက် အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေများပိုင်ဆိုင်ပြီးဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက ဒေသတွင်းစားရေးဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကာ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ဒေသမျိုးများကိုပင် လှောင်မွေးစနစ်ဖြင့်စနစ်တကျမွေးမြူပါက တိုးတက်မှုများပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြု၍ အစာကျွေးမွေးမည်ဆိုပါက အောင်မြင်သည့် မွေးမြူရေးလုပ်ငန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံလူတန်းစားများ၏ သက်သာချောင်ချိရေးကို အထူးအလေးထားဆောင်ရွက်ပေးရန်လိုကြောင်း။

အလားတူ **စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်း ၃ သွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင်ဆောင်ရွက်နိုင်**ကြောင်း၊ **ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးမြှင့်ခြင်းသည် မူလရှိပြီးအခြေခံအပေါ် တိုးတက်အောင်ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖြစ်နိုင်ခြေမြင့်မားသဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သွင်းအားစုများ ပြည့်ပြည့်ဝဝရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှတာဝန်ရှိသူများအနေဖြင့် ကြံဆဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး၌ စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသဖြင့် ရေရရှိရေးနည်းလမ်း ၄ ခုဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေစသည်တို့ကို ဒေသအလိုက် ပေါင်းစပ်အသုံးပြုရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ဘဏ္ဍာငွေ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်များမြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

GDP တိုးတက်ရေးနှင့်ပတ်သက်၍ သစ်တောထွက်ကုန်တစ်ခုဖြစ်သည့် ဝါးကိုလည်း အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ဆောင်ရွက်နိုင်မည်ဆိုပါက တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ ပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက် လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မီးရထားလမ်းများ ပြန်လည်ပြုပြင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလားတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်၊ ကျဆုံးခဲ့ရသည့်တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သား၊ သမီးများ၊ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်စဉ် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်၊ ကျဆုံးခဲ့ရသည့် အငြိမ်းစားဝန်ထမ်းများ၏ သား၊ သမီးများ ပညာသင်ကြားခွင့်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်ရေးတို့အတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း၊ တက္ကသိုလ်များနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ရှိ တက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

## ပဒေသာပင်မြေကြီးမှမပေါက်နိုင်၊ ပြည်သူနှင့်သက်ဆိုင်သော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်

သဘာဝဘေးအန္တရာယ်နှင့် လူတို့ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ လိုအပ်သည့် ဘတ်ဂျက်ငွေများကိုလည်း ချထားပေးသွားမည်ဖြစ်သဖြင့် ထည့်သွင်းတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ဘတ်ဂျက်သုံးစွဲရာ၌ ငွေရှိမှသာသုံးစွဲနိုင်မည်ဖြစ်သဖြင့် အခွန်အခများ ပြည့်ပြည့်ဝဝရရှိရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာလျှင် အခွန်အခများလည်း ရရှိမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ အောင်မြင်မှုရှိအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့ကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေနှင့် အခြားလိုအပ်ချက်များရှိပါက နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ **သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားသွန်ခွန်စိုက် ဆောင်ရွက်ရန်လို**ကြောင်း၊ ယခုဘဏ္ဍာနှစ်နှင့် နောင်လာမည့်ဘဏ္ဍာနှစ်များ၌ ပြည်သူလူထုနှင့်သက်ဆိုင်သော **အများပြည်သူအသုံးပြုနိုင်သည့်** အခြေခံလိုအပ်ချက်များကို **နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖြည့်ဆည်းပေးနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **ပဒေသာပင်မြေကြီးမှမပေါက်နိုင်**ကြောင်း၊ **ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ ပဒေသာပင်ပေါက်နိုင်သဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**ကြောင်းဖြင့် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များအတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အခြေခံထားသည့်အတွက် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏စားရေရိက္ခာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး၊ နိုင်ငံ့စီးပွားရေးကို ပုံမှန်လည်ပတ်နိုင်ရေးမှတစ်ဆင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစဉ်ထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀ အပြင် ထပ်မံပြီးကျပ် ၃၀၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ထပ်မံတိုးမြှင့်ခံစားခွင့်ပြုခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး လက်ရှိပင်စင်ခံစားနေကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက်လည်း အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀ ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ လစဉ်ခံစားခွင့်ပြုပေးခဲ့ကြောင်း၊ ထိုသို့တိုးပေးခဲ့သည့်အတွက် ထပ်မံလိုအပ်လာသည့် အပိုထောက်ပံ့ကြေးများကိုလည်း ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုပေးခဲ့ကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည်လည်း အဓိကကျသည့်အတွက် ပြည်သူလူထုကို တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်သည့်အခါတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်များမြင့်မားလာခဲ့ကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားခနှုန်းထားများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အသုံးစရိတ်များကိုလည်း တိုးမြှင့်လျာထားပေးခဲ့ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ အသုံးစရိတ်များသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲကြရန်၊ လျာထားသည့်ရငွေများကိုလည်းပြည့်မီရုံသာမက ကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of Financial Commission Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing addresses Financial Commission meeting



Senior General Min Aung Hlaing addresses the Financial Commission meeting.

NAY PYI TAW November 27

The Financial Commission held a meeting at the State Administration Council Chairman's Office here this morning, addressed by Chairman of the commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of the Commission Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, Secretary of the commission Union Minister for Planning and Finance U Win Shein, union ministers, the union auditor-general, deputy ministers and the Nay Pyi Taw Council chair. Region/state chief ministers attended the meeting through video conferencing.

In his keynote address, the Senior General said at this meeting the Financial Commission will have to approve the supplemental budget requests of the Union and regions and states for fiscal year 2024-2025. After the completion of the approval process, the submission of supplemental budget appropriation bill for FY 2024-2025 of the Union to the SAC for approval through the government will follow.

Supplemental funds are requested for the additional funds when originally approved funds are not adequate for expense of essential projects and programs for the relevant FY, and inadequacy of the originally approved funds for fund transfer and failure to transfer the surplus amount of general funds occur. As the supplemental funds requested by departments and organizations can be used only after the SAC has approved them through an additional fund appropriation bill, there is only a four-month spending time left. Hence, only the expenses for the projects that can be completed before the end of the FY should be asked.

Increase in spendings will earn benefits such as boost in production, support for local consumption, generation of job opportunities, trade development. In addition, it will bring about a strong government leadership and an economic situation for ensuring regrowth in the national economy through the increase in the buying power of the private sector.

In order to remedy the economic impact of certain cases, farming-based production industries, the main output of the country, must meet their target. Only then will the national economy recover through the development of related production industries and services. The country can reduce imports and foreign currency spendings only through the development of local production industries. This will also lead to facilitating domestic currency flow and supporting financial stability.

Union ministries, region/state governments should effectively use the State-approved supplemental funds for the works that can provide swift support for national economic growth and improve socioeconomic life of the people.

Guidance has been given for the national GDP growth through efforts in multiple sectors. Union ministries and region/state governments should strive to meet the GDP targets that are related to spendings.

The Vice Chairman of the Commission said the supplemental funds requested by union level departments and organizations for FY 2024-2025 are submitted to the Financial Commission in accord with the Constitution. In verifying the supplemental fund request, additional allowance for helping ease the basic needs of civil servants that began in August 2024, which is not included in the normal expenditure and originally approved funds, and financial support and revenue sharing by the Union were also approved.

As the National Disaster Management Fund must be provided for rehabilitation for unexpected natural disasters and preventive measures against other disasters, and basic needs and management measures for displaced people, the cash assistance account from the additional budget of the Ministry of Planning and Finance was added with Ks-275 billion. So, the additional budget bill was submitted to seek the approval of the Finance Commission.

Secretary of the Commission Union Minister U Win Shein reported on the additional accounts of the Union, the prepared estimated accounts and the additional budget of the Union for 2024-2025 financial year.

Union Minister for Legal Affairs and Union Attorney-General Dr Thi Da Oo and Union Auditor-General Dr Khin Naing Oo discussed measures related to the bill, and measures to be taken in the future for the findings on the budgets.

The Nay Pyi Taw Council Chairman and chief ministers of regions and states reported on their sectors.

**Increase of the State DGP**

In his response to the reports, the Senior General said that if the State GDP increase, the country can spend more amount of the budget to develop the nation. GDP of Myanmar is lesser than neighbouring countries and regional countries, and Union organizations and regions and states have to strive for increase of the GDP.

It is necessary to increase manufacture to rise the State GDP. In this regard, if agricultural produce rise in the agriculture sector, the agri-based industrial sector will improve. If so, manufacturing will boom as well as service sector will develop. Consequently, the amount of currency circulation will increase where the financial sector will bolster. As all sectors will interconnect, efforts must be mde to develop the agriculture and livestrock sectors.

As prices of basic foodstuffs depend on natural disasters and hiking the prices of inputs, people from the basic strats are facing difficulties. Majority of the primary consumed chicken, pig, goat and fish can be bred in relevant regions successfully. If people do these businesses

See Page -19►►

►► From Page - 18

really, it can contribute to food security in relevant regions, and people can buy them at fair prices. If these animals are bred in farms systematically, they will have improvement. If these animals are fed with the use of raw materials of relevant regions, successful livestock breeding farms can be implemented. It is necessary to emphasize welfare of people from the basic strata.

Likewise, agricultural tasks can be done with the efforts to meet the target cultivation, rise double crop cultivation capacity and expand sown acreage in order to boost per-acre yield of crops. The first two points must depend on existing basic structures. As it has high potential, emphasis must be placed on implementing the plans. Relevant ministries and regional and state officials need to consider how to provide full inputs to the agricultural tasks. As agricultural water plays a key role in agricultural tasks and raising double cropping, it is necessary to utilize rain-fed, irrigation water, river and creek water, and underground water for agricultural tasks. If agriculture and livestock tasks can improve, GDP will rise with the increase of State finance. If products are quality, these can be exported to rise export volume.

In connection with the growth of GDP, incomes can be generated if high-quality products can be manufactured from bamboo, a forest product. To facilitate transportation for the public, it is necessary to take upgrading airports and repairing railroads damaged by natural disasters into consideration. Similarly, it is necessary to take enabling sons and daughters of defence services personnel, members of the police and retired public staff, who lost their lives while performing their stability and law enforcement duties, to pursue their education and vocational education into account. As for universities, necessary infrastructures for students must be provided in universities in states and regions.

**Tree of abundance cannot grow from ground spontaneously, basic public needs will be fulfilled**

Rehabilitating measures must be taken for damage caused by natural and man-made disasters. As necessary budgets will be allocated, the tasks must be carried out by assessing the needs. As budgets can be allocated when revenues are available, taxes must be fully collected. As taxes can be collected only when there are manufacturing industries, systematic measures must be taken for the success of businesses that are based on agriculture and livestock breeding in regions and states. The government will provide investments and other needs for agriculture and livestock breeding and manufacturing industries based on them. Concerted efforts must be made by respective ministries, regions and states. Priority will be given to providing basic needs of the people in states and regions including the Nay Pyi Taw Council Area in the current and future fiscal years. As the tree of abundance cannot grow from the ground spontaneously and efforts must be exerted to foster the tree of abundance, it is necessary to make concerted efforts for the economic development of the country seriously.

Then, the Senior General made concluding remarks, saying fulfillment of food, water and basic needs, creation of job opportunities and socioeconomic development of the people must be implemented in the endeavour for economic resurgence of the country as the agriculture and livestock breeding sector is the foundation for the economy in accordance with the economic objectives of the SAC. Therefore, concerted efforts must be made for manufacturing industries based on agriculture and livestock breeding while boosting exports and shifting the focus from normal operations of the economy to economic development.

Each government employee was allowed to enjoy Ks-30,000 monthly financial support and furthermore, they have been allowed to enjoy another package of Ks- 30,000 monthly financial support since 1 August, 2024. Moreover, retired government employees who performed duties of the country have been allowed to enjoy Ks- 30,000 monthly financial support since 1 August, 2024. The government allocated additional spending necessary for the monthly financial support.

Electricity is essential for socioeconomic development of the country and electricity generation costs have increased fiscal year by year to supply electricity to the public on a regular basis. Therefore, the government increased electricity rates and allocated increased spending for electricity generation.

In conclusion, the Senior General urged ministries and region/state governments to coordinate and cooperate among themselves in implementing tasks by spending additional budgets for the 2024-2025 fiscal year, to spend the budgets in accordance with financial rules and regulations and directives, to exert efforts to meet and surpass targeted revenues, to complete tasks to be carried out in the relevant fiscal year in accordance with work qualities and standards and to supervise tasks to prevent wastage and losses of government funds and the meeting concluded.

**100**

# Sagaing Township harvests over 30,000 acres of rain-fed green beans

SAGAING November 27

A total of 30,551 acres of green beans planted in Sagaing Township, Sagaing District, Sagaing Region in this year's rainy season have been harvested, according to statistics from the Department of Agriculture for Sagaing Township.

During the 2024-2025 rain crops planting season, 45,137 acres of green beans were planted in Sagaing Township, and the cultivated fields were harvested from August this year. To date, 321 acres of pre-rain green beans have yielded 16.81 baskets per acre and 30,230 acres of rain-fed green beans have yielded 15.53 baskets per acre.

"During this year's rainy season, Sagaing Township had targeted to plant 45,548 acres of green beans, and 45,137 acres were planted. Those fields have already been harvested. To date, 30,551 acres have been harvested. The harvesting is still ongoing. There is education on how to expand green bean cultivation, and education on the use of pure varieties to improve yields," said Ko Zaw Oo, head of the Department of Agriculture for Sagaing Township. **SMK**

# Kawlin District finishes cultivation of more than 2,000 acres of vegetables

KAWLIN November 27

The statistics of Kawlin District Agriculture Department stated that a total of 2,158 acres of vegetables has been planted in the district of Sagaing Region this winter.

Local authorities earmarked cultivation of 6,152 acres of vegetables in Kawlin District in 2024-2025 cold season, and local farmers have planted 2,158 acres against the target.

U Win Thein, Head of Kawlin District Department of Agriculture, said: "We planned to grow more than 6,000 acres of vegetables in the district but local farmers have planted more than 2,000 acres of crops. They are trying hard to meet the target. They grow mustard, chilli, spicy, potato, cabbage, eggplants, Chinese cabbage and cauliflower. We raised farmer awareness to grow crops with GAP system for production of healthy crops with least chemical residues."

This year, Kawlin Township planted 588 acres of vegetables, Wuntho Township 220 acres and Pinlebu Township 1,350 acres, totalling 2,158 acres.

The Township Department of Agriculture conducted training course for growing vegetables to enhance capacity of farmers and departmental staff. Moreover, farmers are urged to produce healthy crops and expand sown acreage of vegetables.

Seasonal vegetable plantations are thriving in Kawlin District. Hence, local farmers can earn incomes from sale of vegetables. Officials of the relevant Agriculture Department help local farmers use good agricultural techniques in growing vegetables, prevent pests and systematically broadcast fertilizers and pests. **SK**

# Farmers finish cultivation of groundnut on more than 2,900 acres of croplands

HTIGYAING November 27

Statistics of Department of Agriculture in Htigyaing Township of Sagaing Region stated that a total of 2,980 acres of winter groundnut has been planted in Htigyaing Township.

Local farmers started cultivation of groundnut on croplands in October this year, and they have so far planted 2,980 acres of crops against the target of 12,280 acres in the township in 2024-2025 winter.

U Ko Ko Aung, Head of Htigyaing Township Department of Agriculture commented: "This year, township officials earmarked cultivation of more than 12,000 acres of groundnut in the township, more than 2,000 acres of which has been planted by farmers in the township. They are trying hard to meet the target cultivation by growing groundnut. It is expected to have success in growing the oil crops. The township sees increased cultivation of groundnut on expanded sown acreage."

Farmers need to use 1.5 baskets of quality groundnut seeds per acre and spend more than Ks-200,000 per acre for quality crops, labour charge, fertilizers and pesticides but the can obtain more than 50 baskets of groundnut per acre.

This year, officials of the Township Agriculture Department make field trips to the groundnut plantations for providing necessary aid for local farmers in order to ensure success of crops and prevention of pests in addition to weeding the plantations to boost per-acre yield of crops.

**SMK**

# Putin-Tokayev talks: What to expect?



MOSCOW November 27

Russian Presidential Aide Yury Ushakov earlier said that the upcoming face-to-face meeting in Astana will be the sixth personal gathering between Putin and Tokayev in 2024.

November 27 will see talks between Russian President Vladimir Putin and Kazakh counterpart Kassym-Jomart Tokayev in Astana as part of Putin's two-day state visit to Kazakhstan.

The two leaders are expected to discuss further development of the bilateral strategic partnership, especially in light of Kazakhstan's chairmanship in the Collective Security Treaty Organization and Russia chairing the Commonwealth of Independent States and BRICS.

Following the closed-door, face-to-face and expanded talks, Putin and Tokayev will sign a joint statement on deepening strategic cooperation.

The document touches upon the most pressing issues of political dialogue, trade and economic cooperation, as well as cultural and humanitarian ties, according to Russia's presidential aide Yury Ushakov.

**Sputnik**

# ATACMS fired by Ukraine at targets in Russia likely manufactured in 1990s

MOSCOW November 27

The ATACMS missiles used by Ukraine against targets in Russia's Kursk Region were mostly likely originally produced in the 1990s and had been modified at least twice to extend their lifespan.

This is according to a Sputnik correspondent's analysis of the photos of the destroyed missile parts released by the Russian Defence Ministry on Tuesday.

Earlier in the day, the Russian Defence Ministry said that Ukraine fired five ATACMS missiles on the S-400 division in the Kursk Region — three missiles were intercepted and two reached the target, injuring a number of service personnel.

In addition, seven ATACMS missiles have been destroyed and one reached the target in Ukraine's strike on the Vostochny airfield also in the Kursk Region, where two soldiers have been wounded by falling missile fragments.

The photos released by the Russian Defence Ministry showed that the ATACMS missiles were produced by "Lockheed Martin Vought Systems," which is the name the US defence contractor used until 1999, according to annual budget reports of the US Army.

From the year 2000, the US defense contractor changed its name to "Lockheed Martin Missiles and Fire Control," the budget report of the US Army released in 2000 showed.



The name of the manufacturer on the ATACMS missiles fired by Ukraine indicated that the weapons were most likely originally produced in the late 1990s, when the US Army began to procure such missiles in large quantities.

The ATACMS missiles have a service life of 10 years and would require about US$-1 million per unit to reset its service life, according to previous US Army budget reports.

**Sputnik**

# Flashing Its Oreshnik ballistic missile Power, Russia demands West stop arming Ukraine

MOSCOW November 27

Russian Deputy Foreign Minister Sergey Ryabkov addressed several global issues, including the recent "Oresshnik" ballistic missile test, in light of the Ukrainian crisis.

By launching the "Oreshnik" ballistic missile, Russia has delivered a clear warning to the West: cease supplying weapons to Kiev and refrain from encouraging further military adventures, stated Russian Deputy Foreign Minister Sergey Ryabkov.

"The message is very clear and straightforward: stop. You should no longer do this. Do not supply Kiev with everything they want, do not encourage them into new military adventures—they are too dangerous. The time is approaching when there will be no other way but to acknowledge that the U.S., NATO, and others playing this game on Kiev's side, along with the West, have become full participants in this conflict," he said in an interview with RT.

**Sputnik**

# Lebanese PM says to reinforce army presence in S. Lebanon, demands Israeli withdrawal

BEIRUT November 27

Lebanese Prime Minister Najib Mikati announced on Wednesday that the army would reinforce its presence in southern Lebanon, urging Israel to withdraw from Lebanese-occupied territories in accordance with the ceasefire deal reached with Hezbollah.

In a televised speech following a cabinet meeting on the first day of the ceasefire, Mikati said the Lebanese government is committed to implementing UN Security Council Resolution 1701 in all its provisions, especially those concerning strengthening the deployment of the army and security forces south of the Litani River.

Mikati said that Lebanon is keen on preserving its sovereignty by sea, land, and air, refuting any possible violations.

"I also demand that the Israeli enemy fully commit to the ceasefire resolution, withdraw from all areas and sites it has occupied, and implement resolution 1701 in total," he said.

In his speech, Mikati praised the Lebanese army and healthcare workers for their efforts.

"Lebanon deserves all our effort, patience, and faith, and tomorrow will be bright and full of hope and solidarity for all its people," he said.

According to the ceasefire deal, the Lebanese army will take control of its territory over the next 60 days, Israel will gradually withdraw, and civilians will return home.

**Xinhua**

# Cambodian king to visit Vietnam on ties

PHNOM PENH November 27

Cambodian King Norodom Sihamoni will pay a state visit to Vietnam from Thursday to Friday, at the invitation of Vietnamese President Luong Cuong, said the Cambodian Foreign Ministry on Wednesday.

"During the state visit, His Majesty the King will hold royal audiences with Vietnamese leaders to exchange views on cordial relations in line with the spirit of good neighborliness, traditional friendship, comprehensive cooperation and long-term stability between the two countries," the ministry said.

The visit will mark a significant milestone in the two countries' enduring relations and contribute to deepening the bonds of excellent relationship and beneficial cooperation between the two neighboring countries, it added.


The monarch's entourage will include Deputy Prime Minister and Royal Palace Minister Kuy Sophal and Srey Nory, director of the Royal Cabinet of the King, as well as high representatives from the Senate and the National Assembly, the ministry said.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Urgent warning to UK travellers about deadly viruses spreading in 17 countries - including 'eye-bleeding' disease




Marburg virus (MVD) is initially transmitted to people from fruit bats and spreads among humans through direct contact with the bodily fluids of infected people, surfaces and materials.

Brits were today warned of a 'triple threat' of lethal viruses that have spread to more than a dozen countries worldwide.

The clade I strain of mpox, Marburg and Oropouche virus have now been spotted in 17 nations between them, including one Caribbean hotspot.

Officials are especially spooked by rising cases of Marburg, one of the deadliest pathogens ever discovered.

It has already killed at least 15 people in Rwanda, with hundreds of people being monitored for suspected infection.

It is feared the virus, which causes sufferers to bleed from the eyes, may spread to other African nations.

Oropouche virus — nicknamed 'sloth fever' — meanwhile, has spread outside of its usual South American range to the Caribbean winter hotspot, the Dominican Republic.

Clade I, a separate mutant form of mpox is currently spreading rampantly in Africa, with a handful cases also logged in Canada, the UK and Sweden.

The alert was issued by Travel Health Pro, a website commissioned by the UK Health Security Agency (UKHSA), to help keep Brits informed of the latest travel health advice.

It said: 'A Marburg virus disease outbreak has been reported in Rwanda.'

'Multi-country outbreaks of mpox clade I and Oropouche are also ongoing.'

Marburg is a haemorrhagic fever — where organs and blood vessels are damaged, causing bleeding internally or from the eyes, mouth and ears.

The virus, which has no licensed vaccine, can be spread by touching or handling body fluids of an infected person, contaminated objects or infected wild animals.

Infected patients become ' ghost-like', often developing deep-set eyes and expressionless faces.


The World Health Organization (WHO) says it has a case-fatality ratio (CFR) of up to 88 percent, meaning it can kill nearly 9 in 10 people it infects.

Travellers to Rwanda should 'arrange an appointment with their health professional at least four to six weeks before travel', Travel Health Pro said.

While abroad, Brits should also avoid participating in funeral or burial rituals, visiting traditional healers and handling, cooking, or eating wild meat.

They should also steer clear of visiting mines or bat caves and contact with all wild animals; alive or dead, particularly bats, they added.

'If you decide to visit mines or caves inhabited by fruit bat colonies, wear gloves and other appropriate protective clothing, including masks.'




Marburg has a mortality rate of up to 88 percent. There are currently no vaccines or treatments approved to treat the virus.

Oropouche virus, meanwhile, has sparked alarm with more than 10,000 cases confirmed this year alone.

In 2024, specific outbreaks have been recorded in Brazil, Bolivia, Colombia, Cuba, Ecuador, Dominican Republic, Guyana, Peru, and Panama.

The virus — named after the animal it was initially spotted in — has no vaccine or specific treatment.

It is known to cause a headache, muscle aches, stiff joints, nausea, chills, sensitivity to light and vomiting.

However, it can quickly cross the blood-brain barrier and enter the central nervous system, where it can cause meningitis and, in extreme cases, kill.

Travel Health Pro advised those in the areas listed to wear insect repellent, long-sleeved shirts and long trousers to reduce the risk of bites.

They added: 'Due to the recent finding of Oropouche virus in semen, travellers and their partners concerned about possibly spreading Oropouche through sex, should consider using condoms or not having sex during travel and for six weeks after returning from travel.'

Analysis of the current Oropouche strain suggests it has grown to become more efficient at infecting people and this could be behind the rise in cases and in areas it hasn't been seen in before.

The clade I strain of mpox has also been spotted in Rwanda, Burundi, Central African Republic, Congo, Democratic Republic of the Congo, Gabon, Kenya and Uganda.

In August, the WHO declared the strain a public health emergency of international concern.

Mpox causes characteristic lumpy lesions, as well as a fever, aches and pains and fatigue.

However, in a small number of cases, it can enter the blood and lungs, as well as other parts of the body, when it becomes life-threatening.

Current mpox vaccines, which are designed to work on smallpox a close relative of the mpox virus, were used during the 2022 outbreak against the milder strain.

But they have yet to be widely tested against the more potent clade 1b strain.

A confirmed case of clade Ib mpox was recently reported in the UK, after an unidentified individual visited a country where 1b had been reported.

Three further cases have since been detected in household contacts of the first case.

**Mail Online**



Marburg virus, a relative of Ebola, causes people to bleed from their orifices and kills up to 9 in 10 of those infected.

# INNOVATION

## ကြမ်းတမ်းတဲ့မြေမျက်နှာပြင်များတွင် ကြောင်တစ်ကောင်လိုသွားနိုင်မယ့် ခွေးစက်ရုပ်

တရုတ်နိုင်ငံမှ သုတေသနပညာရှင်များက ကြမ်းတမ်းတဲ့မြေမျက်နှာပြင်များတွင် ကြောင်တစ်ကောင်လို ပေ့ါပါးစွာသွားလာနိုင်မယ့် AI စွမ်းအင်သုံးခွေးစက်ရုပ်တစ်မျိုးကို ဖန်တီးလိုက်ပါတယ်။


ကြောင်တွေဟာ အမြင့်တစ်နေရာက နေအောက်ကိုပြုတ်ကျရင် ဘယ်တော့မှ ပက်လက်မကျသလိုမျိုးဘဲ အခုစက်ရုပ်ကိုလည်း ဘယ်လိုအခြေအနေမျိုးနဲ့အောက်ကိုကျကျ မှောက်လျက်သာကျစေအောင် ပညာရှင်များကတီထွင်ဖန်တီးထားတာဖြစ်ပါတယ်။

ဒီလိုမျိုးဖန်တီးနိုင်ခြင်းအားဖြင့် ဘယ်လိုနေရာတွေမှာ တိုးတက်မှုတွေရရှိစေမလဲဆိုရင် ဆွဲငင်အားလွန်စွာနည်းပါးတဲ့ ဂြိုဟ်သိမ်ဂြိုဟ်မွှားတွေပေါ်မှာ သုတေသနပြုလေ့လာမှုတွေကို ပိုမိုအသေးစိတ်ကျကျဆောင်ရွက်သွားစေနိုင်မယ်လို့ သုတေသီများကပြောထားပါတယ်။

အရင်တုန်းက ဘီးတပ်ယာဉ်တွေသုံးပြီး လေ့လာမှုတွေလုပ်တဲ့နေရာမှာ ဆွဲငင်အားနည်းတာကြောင့် ဘီးတွေရဲ့ ကုတ်အားမကောင်းတာကိုတွေ့ရပါတယ်။

အဲဒီလိုမျိုးဂြိုဟ်သိမ်ဂြိုဟ်မွှားတွေမှာ ပလက်တီနမ်လိုမျိုးအရင်းအမြစ်များစွာ ကြွယ်ဝတဲ့အတွက်သူတို့ကိုလေ့လာစူးစမ်းမှုတွေလုပ်တာက နေစကြဝဠာရဲ့စနစ်ကြီးတစ်ခုလုံးကို အလွယ်တကူနားလည်နိုင်စေမှာပါ။ **Ref: IE**

**K.H**



## နည်းပါးတဲ့အပူချိန်မှာလည်း လေထုထဲမှရေထုတ်ယူနိုင်မယ့် နည်းလမ်းတွေ့ရှိ


လေထုထဲကနေ ရေထုတ်ယူတယ်ဆိုတာက ယနေ့ခေတ်မှာအသုံးများလာတဲ့ လုပ်ငန်းစဉ်တစ်ခုလိုတောင်ဖြစ်လာပါပြီ။ ဒါပေမဲ့လည်း စိန်ခေါ်မှုတစ်ခုက အပူချိန်မြင့်မားစွာလိုအပ်မှုဖြစ်ပြီး စွမ်းအင်သုံးစွဲမှုကိုလည်း အလွန်များပြားစေပါတယ်။

အခုအိုဆာကာတက္ကသိုလ်မှ သုတေသနပညာရှင်များက လေထုထဲကနေ ရေထုတ်ယူနိုင်မယ့်နည်းလမ်းအသစ်တစ်ခုကိုဖော်ထုတ်လိုက်နိုင်ပါပြီ။ ဒီနည်းလမ်းက မြင့်မားတဲ့အပူချိန်လိုအပ်ချက်ကို လျှော့ချပေးနိုင်သလို စွမ်းအင်သုံးစွဲမှုကိုလည်းနည်းပါးစေတယ်လို့ဆိုပါတယ်။

ဒီနည်းပညာက လူသားများအတွက် သက်သောင့်သက်သာဖြစ်ပြီး ကာလရှည်ထိန်းသိမ်းထားနိုင်စေမယ့် အနာဂတ်ကို ဖော်ဆောင်ပေးရာမှာ အရေးကြီးတဲ့အခန်းကဏ္ဍကနေပါဝင်လာမှာဖြစ်တယ်လို့ သုတေသနပညာရှင်များကပြောပါတယ်။

အရင်တုန်းက လေထုထဲကနေရေကို ထုတ်ယူနိုင်ဖို့အတွက် ရေငွေ့စုပ်ယူမယ့် ပေါ်လီမာတွေကိုသုံးကြရပါတယ်။ အဲဒီပေါ်လီမာတွေကို အပူချိန် ၁၀၀ ဒီဂရီစင်တီဂရိတ်ပေးမှသာ ရေတွေကိုရရှိလာပြီး ပေါ်လီမာတွေကိုပြန်သုံးနိုင်တာပါ။ အခုနည်းလမ်းက ရေငွေ့စုပ်ယူတဲ့အရာဝတ္ထုကိုဖန်တီးလိုက်တာဖြစ်ပြီး သူကနေရေပြန်ထုတ်ဖို့ အပူချိန် ၃၅ ဒီဂရီသာလိုအပ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**K.H**



# HEALTH

## လေ့ကျင့်ခန်းလုပ်ခြင်းက စိတ်ကျခြင်းကိုတိုက်ဖျက်နိုင်



လူတော်တော်များများက စိတ်ကျမှုဖြစ်လာပြီဆိုရင် တခြားသောနည်းများနဲ့ ကုစားလေ့ရှိကြပါတယ်။ ဒါပေမဲ့ အမှန်တကယ်ထိရောက်မှုရှိတဲ့ စိတ်ကျမှုကို တိုက်ဖျက်ခြင်းနည်းလမ်းက လေ့ကျင့်ခန်းလုပ်ခြင်းသာဖြစ်တယ်ဆိုပြီး သုတေသနပညာရှင်များကပြောထားပါတယ်။

စိတ်ကျမှုဖြစ်ပြီဆိုရင် ဦးနှောက်နဲ့စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်ချက်အများအပြားကိုထိခိုက်စေနိုင်ပါတယ်။ အဲဒီလိုထိခိုက်မှုတွေထဲမှာ သင်ယူမှု၊ မှတ်ဉာဏ်နဲ့စိတ်ခွန်အားပေးမှုတွေလည်းပါဝင်ပါတယ်။

ဒီလိုအချိန်မှာ လေ့ကျင့်ခန်းလုပ်ခြင်းက ရောင်ရမ်းမှုတွေဖြစ်ပေါ်ခြင်းကိုနည်းပါးစေပြီး ဒိုပါမင်လို့ခေါ်တဲ့ဟော်မုန်းထွက်ရှိမှုကို တိုးမြှင့်စေတာကြောင့် စိတ်ကျမှုကို တိုက်ဖျက်နိုင်တာပါ။ ဒိုပါမင်ဆိုတာကပျော်ရွှင်မှုကိုဖန်တီးပေးတဲ့ ဟော်မုန်းဆိုပြီး လူသိများပါတယ်။

ဒါကြောင့် ကိုယ်ကစိတ်ကျနေချိန်မှာ ကိုယ်နဲ့ကိုက်ညီမယ့် လေ့ကျင့်ခန်းအစီအစဉ်တွေကိုလုပ်ဆောင်မယ်ဆိုရင် စိတ်ကျခြင်းကိုကုသနိုင်ပါလိမ့်မယ်။ **Ref: IE**

**K.H**

## ညဆိုင်းဆင်းသူများမှာ အဝလွန်ခြင်းကိုပြောင်းပြန်ဖြစ်စေမယ့် အသည်း-ဦးနှောက်ဆက်စပ်မှုကိုတွေ့ရှိ



ညဆိုင်းဆင်းတဲ့သူတွေ၊ ဒါမှမဟုတ်ပုံမှန်အလုပ်ချိန်အတိုင်း အလုပ်မလုပ်ရတဲ့သူတွေအများစုဟာ အစားအစာစားသောက်မှုကပုံမှန်မရှိပါဘူး။ များသောအားဖြင့် အချိန်မတော်မှသာ စားဖြစ်ကြတာများပါတယ်။ ဒီလိုစားဖြစ်တဲ့အတွက် ကိုယ်အလေးချိန်က မြင့်တက်လာရတာဖြစ်ပါတယ်။

ဒီနေရာမှာ အသည်းကဘယ်အချိန်မှာ အစာစားရမယ်ဆိုတာကို ဦးနှောက်ဆီ အချက်ပြပါတယ်။ ဒါပေမဲ့ ပုံမှန်အလုပ်ချိန်မဟုတ်တဲ့အတွက် အချက်ပြမှုကမှားယွင်းသွားနိုင်ပြီး မှားယွင်းတဲ့အချိန်မှာအစားအလွန်စားခြင်းကိုဖြစ်ပေါ်စေနိုင်ပါတယ်။

ဒါကြောင့် ဒီအခြေအနေကိုပြောင်းလဲနိုင်စေမယ့်နည်းလမ်းကို ပညာရှင်များကရှာဖွေခဲ့ရာမှာ ဦးနှောက်နဲ့အသည်းကြားကချိတ်ဆက်မှုကို ဖြတ်တောက်နိုင်တယ်ဆိုတာတွေ့ရှိခဲ့တာဖြစ်ပါတယ်။

ဒီလိုဖြတ်တောက်ဖို့အတွက် သုတေသနပညာရှင်များက အသည်းရဲ့ကလာပ်စည်းအတွင်းရှိ REV-ERB ဆိုတဲ့ဗီဇကို အဓိကထားလေ့လာခဲ့တာပါ။ အဲဒီဗီဇကို အလုပ်မလုပ်အောင် ပိတ်လိုက်ခြင်းအားဖြင့် အသည်းနဲ့ဦးနှောက်တို့ကြားချိတ်ဆက်မှုကို ဖြတ်တောက်သွားစေတာဖြစ်ပါတယ်။ **Ref: IE**

**K.H**

## ညနေငါးနာရီနောက်ပိုင်းအစာစားခြင်းက နှလုံးကျန်းမာရေးထိခိုက်စေ

ညနေငါးနာရီနောက်ပိုင်းမှာ တစ်နေ့တာလုံးအတွက်လိုအပ်တဲ့ ကယ်လိုရီပမာဏရဲ့ ၄၅ ရာခိုင်နှုန်းကျော်ကိုစားသုံးခြင်းက ကိုယ်တွင်းဇီဝဖြစ်စဉ်နဲ့ နှလုံးကျန်းမာရေးကို ထိခိုက်စေနိုင်တယ်လို့ သုတေသီများကတွေ့ရှိထားပါတယ်။

အထူးသဖြင့် အဲဒီအချိန်နောက်ပိုင်းမှာ အစာစားခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကိုမြင့်တက်စေပြီး အဲဒီကနေမှ တစ်ဆင့် ခန္ဓာကိုယ်အလေးချိန်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဆိုးဝါးတဲ့ကျန်းမာရေးအကျိုးဆက်တွေကို ရရှိစေ



တာဖြစ်ကြောင်း ကာတာလိုနီးယားနဲ့ ကိုလံဘီယာတက္ကသိုလ်တို့မှ သုတေသီများက ပြောထားပါတယ်။ အဲဒီလိုအကျိုးဆက်တွေထဲမှာ ဆီးချိုနဲ့နှလုံးရောဂါတို့လည်းပါဝင်ပါတယ်။ **Ref: IE**

**K.H**

## အစ္စရေးနှင့်ဟစ်ဇဘိုလာတို့ကြား အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်လာ

ဂျေရုဆလင်၊ စစ်ရေး

အစ္စရေးစစ်ဘက်နှင့် လက်ဘနွန်နိုင်ငံ အခြေစိုက် ဟစ်ဇဘိုလာလက်နက်ကိုင် တပ်ဖွဲ့တို့ကြား အပစ်အခတ်ရပ်စဲရေးသည် နိုဝင်ဘာလ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီမှစ၍ အသက်ဝင်လာပြီဖြစ်ကြောင်းသိရသည်။

အဆိုပါအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ရရှိရန် အမေရိကန်နှင့်ပြင်သစ်နိုင်ငံတို့က ကြားဝင်စေ့စပ်ပေးခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ စာချုပ်ပါအချက်များကိုဖောက်ဖျက်မှုမရှိသေးကြောင်း တာဝန်ရှိသူများကပြောသည်။

အစ္စရေးစစ်ဘက်နှင့် ဟစ်ဇဘိုလာတပ်ဖွဲ့တို့ကြား အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စတင်ဖြစ်ပွားခြင်းဖြစ်သည်။ ထိုစဉ်က ပါလက်စတိုင်းလက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့်ဟားမက်အဖွဲ့ကိုထောက်ခံသော ဟစ်ဇဘိုလာတပ်ဖွဲ့က အစ္စရေးနယ်စပ်ကိုဖြတ်ကျော်၍ ဒုံးကျည်များနှင့် ပစ်ခတ်ခြင်းဖြင့်စတင်ခြင်းဖြစ်သည်။

ထို့နောက် အစ္စရေးတပ်ဖွဲ့က လက်ဘနွန်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ဘေရွတ်မြို့နှင့်အခြားသောမြို့များကို လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုများစွာ လုပ်ဆောင်သည့်အပြင် ဟစ်ဇဘိုလာတပ်ဖွဲ့၏ထိပ်တန်းခေါင်းဆောင်များကိုပါ ချေမှုန်းသုတ်သင်နိုင်ခဲ့သည်။

လက်ရှိအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ လက်ဘနွန်နိုင်ငံအတွင်း ဝင်ရောက်တပ်စွဲထားသော အစ္စရေးတပ်ဖွဲ့များအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း ထိုနိုင်ငံမှဆုတ်ခွာပေးရမည်ဖြစ်ပြီး ဟစ်ဇဘိုလာတို့အနေဖြင့်လည်း နယ်စပ်ဒေသ၌၎င်းတို့၏အခြေခံအဆောက်အဦများကို ပြန်လည်တည်ဆောက်ခွင့်မရှိကြောင်း အမေရိကန်သမ္မတကပြောထားသည်။

Ref: RT



## ယူကရိန်းကာကွယ်ရေးဝန်ကြီးခရီးစဉ်အတွင်း ထိုနိုင်ငံသို့လက်နက်များ မထောက်ပံ့ရန် တောင်ကိုရီးယားပြည်သူများတောင်းဆို

ဆိုး၊ ပြည်တွင်းရေး

ယူကရိန်းကာကွယ်ရေးဝန်ကြီး ရက်စတန်ယူမီရော့ဗ်ဦးဆောင်လာသည့်ကိုယ်စားလှယ်အဖွဲ့၏ တောင်ကိုရီးယားနိုင်ငံခရီးစဉ်အတွင်း ထိုနိုင်ငံသို့စစ်လက်နက်ပစ္စည်းများမထောက်ပံ့ရန် တောင်ကိုရီးယားပြည်သူများက ဆန္ဒပြတောင်းဆိုကြောင်း သိရသည်။

ယူကရိန်းက တောင်ကိုရီးယားမှစစ်လက်နက်ပစ္စည်းများကို တောင်းခံထားခြင်းဖြစ်ပြီး ရုရှားနှင့်မြောက်ကိုရီးယားတို့၏ခြေလှမ်းများအပေါ်မူတည်၍ ယင်းကဲ့သို့သောထောက်ပံ့မှုများကို စဉ်းစားသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရကပြောထားသည်။

ယခုယူကရိန်းကာကွယ်ရေးဝန်ကြီး၏ ခရီးစဉ်သည် အဆိုပါစစ်လက်နက်ပစ္စည်းများကိုတောင်းခံရန် လာရောက်ခြင်းဖြစ်သည်ဟု သတင်းဌာနများကဖော်ပြထားသည်။ လက်ရှိတွင် နှစ်နိုင်ငံကြားသတင်းအချက်အလက်မျှဝေရေး၊ နည်းပညာနှင့် လက်နက်များဖလှယ်ရေးကိုသဘောတူထားကြောင်းသိရသည်။

Ref: RTA




## ရုရှားနိုင်ငံက သာလွန်လက်နက်များပိုင်ဆိုင်ထားဟုဆို

မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံသည် သာလွန်လက်နက်များကိုပိုင်ဆိုင်ထားသည့်အပြင် နိုင်ငံအပေါ်ကျရောက်လာသော အန္တရာယ်များကို တုံ့ပြန်ရေးအတွက် နည်းလမ်းများစွာလည်းရှိသည်ဟု ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌက နိုဝင်ဘာလ ၂၇ ရက်တွင်ပြောသည်။

ရုရှားသမ္မတဗလာဒီမာပူတင်က ရုရှားတပ်ဖွဲ့အနေဖြင့် အသံနှုန်းလွန်အမြင့်ပျံဒုံးကျည်အသုံးပြုကာ ယူကရိန်းရှိစစ်စခန်းတစ်ခုကို တိုက်ခိုက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်သို့ပြောသည့်မိန့်ခွန်းအပေါ် ကောင်စီဥက္ကဋ္ဌဗယ်လင်တီနာမက်ဗီယန်ကိုက ယခုကဲ့သို့ မှတ်ချက်ပြုပြောထားခြင်းဖြစ်သည်။

ထို့ပြင် သမ္မတ၏မိန့်ခွန်းသည် ခေတ်သစ်ပထဝီနိုင်ငံရေးတွင် အင်အားကြီးမားလှသော လုပ်ဆောင်မှုတစ်ခုဖြစ်သည် သာမက မိန့်ခွန်းတွင်ရည်ညွှန်းထားသောနိုင်ငံများအတွက် ကြီးမားလှသောသတိပေးမှုဖြစ်ကြောင်း ကောင်စီဥက္ကဋ္ဌကပြောထားသည်ဟုသိရသည်။

Ref: RT

## သတင်းတိုကဏ္ဍ

## ဂျိုးဘိုင်ဒင်က ယူကရိန်းသို့ထောက်ပံ့မှုများအတွက် ဒေါ်လာ ၂၄ ဘီလီယံကို တိတ်တဆိတ်တောင်းဆို

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယူကရိန်းနိုင်ငံသို့ ထောက်ပံ့ပေးမှုများအတွက် ဒေါ်လာ ၂၄ ဘီလီယံကို တိတ်တဆိတ်တောင်းဆိုထားကြောင်း Politico သတင်းဌာနက နိုဝင်ဘာလ ၂၆ ရက်တွင်ဖော်ပြထားသည်။

နိုင်ငံတော်အသုံးစရိတ်အနက် ဒေါ်လာ ၂၄ ဘီလီယံကို ယူကရိန်းနှင့်ပတ်သက်၍ သုံးစွဲခွင့်ပြုရေးအတွက် သမ္မတဘိုင်ဒင်က ကွန်ဂရက်ကိုတောင်းခံခြင်းဖြစ်သည်။ ထိုအထဲတွင် ယူကရိန်းသို့စစ်လက်နက်များ ထောက်ပံ့ပေးရသည့်အတွက် ကုန်ဆုံးသွားသောလက်နက်များကို ပြန်လည်ဖြည့်တင်းရန် ဒေါ်လာ ၁၆ ဘီလီယံ၊ ယူကရိန်းသို့လက်နက်များ ထောက်ပံ့ပေးနိုင်ရေးအတွက် အမေရိကန်မှလက်နက်ထုတ်လုပ်သူများကိုပေးချေရန် ဒေါ်လာ ၈ ဘီလီယံပါဝင်သည်ဟု သတင်းဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဂျိုးဘိုင်ဒင်သည် ၎င်းအနေဖြင့်သမ္မတရာထူးမှမဆင်းမီ ခွင့်ပြုချက်ရရှိထားသည့် ယူကရိန်းသို့ထောက်ပံ့ပေးမှုခွင့်ပြုငွေများအားလုံးကိုအသုံးပြုသွားမည်ဟုကတိပြုထားကြောင်းသိရသည်။

Ref: RT

## သီရိလင်္ကာ၌ မိုးကြီးမှုနှင့်ရေကြီးမှုများကြောင့် ကလေးခြောက်ဦးအပါအဝင် ရှစ်ဦးပျောက်ဆုံးနေ

သီရိလင်္ကာနိုင်ငံ၌ နိုဝင်ဘာလ ၂၇ ရက်တွင် မိုးကြီးမှုနှင့်ရေကြီးမှုများဖြစ်ပွားခြင်းကြောင့် ကလေးငယ်ခြောက်ဦးအပါအဝင် လူရှစ်ဦးပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများကပြောသည်။

ဖြစ်ပေါ်လာနိုင်သည့်ဆိုင်ကလုန်းမုန်တိုင်းတစ်လုံးက သီရိလင်္ကာနိုင်ငံအနီးမှ ဖြတ်သန်းသွားစဉ် ကမ်းရိုးတန်းဒေသများ၌ မုန်တိုင်းကြောင့်ဖြစ်သည့် မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးမှုများဖြစ်ပွားခြင်းဖြစ်သည်။

ထို့သို့ သဘာဝဘေးများနှင့်အတူ မြေပြိုမှုများလည်းဖြစ်ပွားသည့်အတွက် အမျိုးသမီးတစ်ဦးသေဆုံးထားကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ထားသည်။

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ဖြစ်ပွားနေသော လေဖိအားနည်းရပ်ဝန်းတစ်ခုသည် နိုဝင်ဘာလ ၂၇ ရက်ညပိုင်းနှင့် ၂၈ ရက်တို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်သည်ဟု သိရသည်။

Ref: RTA

## မက္ကဆီကိုက ထရမ့်၏သွင်းကုန်စည်းကြပ်အခွန်တိုးမြှင့်မှုကို လက်တုံ့ပြန်သွားမည်ဟုကတိပြု

ထရမ့်သမ္မတဖြစ်လာလျှင်ချမှတ်မည်ဟုဆိုထားသော သွင်းကုန်စည်းကြပ်အခွန်တိုးမြှင့်မှုကို လက်တုံ့ပြန်သွားမည်ဟုကတိပြုကြောင်း မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်ဘန်းကပြောထားသည်။

ထိုကဲ့သို့ သွင်းကုန်စည်းကြပ်အခွန်များတိုးမြှင့်မှုသည် အမေရိကန်သို့ရွှေ့ပြောင်းနေထိုင်သူများ သို့မဟုတ် မူးယစ်ဆေးဝါးများဝင်ရောက်မှုကို ရပ်တန့်နိုင်စေမည်မဟုတ်သော်လည်း နှစ်နိုင်ငံစလုံး၌ငွေကြေးဖောင်းပွမှုများနှင့် အလုပ်အကိုင်ရှားပါးမှုများဖြစ်ပေါ်လာမည်မှာ သေချာသည်ဟု ကလော်ဒီယာရှိန်ဘန်းက ပြောထားသည်။

သွင်းကုန်စည်းကြပ်အခွန်များချမှတ်မှုတိုင်းအတွက် လက်တုံ့ပြန်ဆောင်ရွက်မှုများရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်မည့်အစား နှစ်နိုင်ငံစလုံးရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို နှစ်နိုင်ငံစလုံးက ပူးပေါင်းလက်တွဲဖြေရှင်းသင့်ကြောင်း ၎င်းကဆက်ပြောထားသည်။ ထရမ့်က မက္ကဆီကိုနှင့်ကနေဒါနိုင်ငံတို့မှ သွင်းကုန်များကို အခွန် ၂၅ ရာခိုင်နှုန်းကောက်ခံသွားမည်ဟုပြောထားသည်။

Ref: RT

## တောင်ကိုရီးယားနိုင်ငံ ဆိုးမြို့၌ နိုဝင်ဘာလအတွက် ဆီးနှင်းများစံချိန်တင်ကျဆင်းမှုဖြစ်ပွား

တောင်ကိုရီးယားနိုင်ငံ ဆိုးမြို့၌နိုဝင်ဘာလအတွက် စံချိန်တင်ဆီးနှင်းကျဆင်းမှုဖြစ်ပွားကြောင်းသိရသည်။ နိုဝင်ဘာလ ၂၇ ရက်တွင်ကျဆင်းသော အဆိုပါဆီးနှင်းများကြောင့် ယာဉ်လမ်းကြောများပိတ်ဆို့ခြင်း၊ လျှပ်စစ်ဓာတ်အားများပြတ်တောက်ခြင်း၊ လေကြောင်းခရီးစဉ်ရာပေါင်းများစွာကိုရွှေ့ဆိုင်းရခြင်းတို့ဖြစ်ပွားသည့်အပြင် လာမည့်ရက်ပိုင်းအတွင်း ယခုထက်ပိုမို၍ ဆီးနှင်းများကျဆင်းလာမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်။

ဆီးနှင်းများထူထပ်စွာကျဆင်းသည့်အပြင် လေပြင်းတိုက်ခတ်မှုများကြောင့် မြို့တော်အရှေ့ပိုင်း၌ ယာဉ်မတော်တဆမှုများဖြစ်ပွားရာ အနည်းဆုံးလူနှစ်ဦးသေဆုံးထားသည်။ ထို့ပြင် အဆောက်အအုံများ၊ ဆောက်လုပ်ရေးလုပ်ငန်း နေရာများမှ အပျက်အစီးများ လမ်းပေါ်ပြုတ်ကျသည့်အတွက် လမ်းသွားလမ်းလာအများအပြားဒဏ်ရာရရှိထားသည်။ ဆီးနှင်းကျဆင်းမှုမှာ ၇ လက်မအမြင့်အထိရှိကာ ၁၉၀၇ ခုနှစ်နောက်ပိုင်း အထူထပ်ဆုံးဆီးနှင်းကျဆင်းမှုဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။

Ref: BP

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သုခနေလမ်း၊ မြေအမှတ် (၄/၄၁၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါ ပါတီအလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ အပ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏ အလံပုံစံ**



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် တင်ဆက်မည့် အစီအစဉ်လေ့ကျင့်နေမှုကို ဒုတိယဝန်ကြီး ဒေါ်နုမြဖ် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၇

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖ်သည် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် တည်းခိုရေးစခန်း ရွာတော်သို့ရောက်ရှိပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်တင်ဆက်မည့် "ခေတ် ၆ ခေတ်"ယိမ်းအကလေ့ကျင့်နေမှုကိုကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားသည်။

အဆိုပါ "ခေတ် ၆ ခေတ်"ယိမ်းအကကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အနုပညာဦးစီးဌာနမှ အနုပညာရှင် ၇၅ ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အင်အား ၁၀၀၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ အင်အား ၅၀၊ အနုပညာ အထက်တန်းကျောင်း (ရန်ကုန်)မှ ၂၅ ဦး၊ အနုပညာအထက်တန်းကျောင်း (မန္တလေး)မှ ၂၅ ဦးနှင့် ကရင်ပြည်နယ်မှ ကျောင်းသူ ၂၅ ဦး စုစုပေါင်းအင်အား ၃၀၀ ဖြင့် တင်ဆက်ကပြသွားရန် ဇာတ်တိုက်လေ့ကျင့်လျက်ရှိသည်။

အဆိုပါ "ခေတ်၆ခေတ်" ယိမ်းအကတွင် ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်နှင့်မျက်မှောက်ခေတ်တို့ပါဝင်ပြီး တစ်ခေတ်စီ၏ ကကြိုးကကွက်နှင့် တီးလုံးအပြင် အဆိုပါခေတ်၏ သင်္ကေတပုံဖော်မှုဒီဇိုင်းများပါဝင်၍ ဇာတ်တိုက်လေ့ကျင့်မှုများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှဒုတိယပါမောက္ခချုပ်(သင်ကြား)က ကြီးကြပ်တာဝန်ယူသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **နိုဝင်ဘာလ ၁၈ ရက်မှ ၂၄ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၃၀ ဒသမ ၃၉၂၄)တန်၊ သစ်မာ (၂ ဒသမ ၅၆၆၂)တန်၊ အခြား (၃၈ ဒသမ ၉၀၇၁)တန် စုစုပေါင်း (၇၁ ဒသမ ၈၆၅၇) တန်၊ ယာဉ်/ ယန္တရား (၉)စီး၊ တရားခံ(၁၅)ဦး** ဖမ်းဆီးရမိကြောင်း သိရသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

ချင်းပြည်နယ်တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၅ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆ ရက်မှ ၁၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေခွဲမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ (မိုး/ဇလ)

# တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်း ကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များအကြား တွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့်နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်း ကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန် များအကြား တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ပြုလုပ်သည်။



မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များအကြား တွေ့ဆုံ ဆွေးနွေးပွဲကျင်းပစဉ်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးများ၊ ကြီးကြပ်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ နှင့်သံတမန်များ တက်ရောက်ကြပြီး ကရင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ဆပ်ကော် မတီဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးများ၊ ဒုတိယဥက္ကဋ္ဌများ တက်ရောက် ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကြီးကြပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ က မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး Online မှတစ်ဆင့် လိမ်လည်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေ ကြသော နိုင်ငံခြားသားများအား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ လူသားချင်းစာနာ ထောက်ထားမှုတို့အပေါ်အခြေခံ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်း နိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ Online Scam Center လုပ်ငန်း များတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြား သားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိ ရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူ နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တာဝန်ရှိအဖွဲ့ အစည်းများပူးပေါင်းပြီး အဆိုပါလုပ်ငန်း များကို တားဆီးနှိမ်နင်းလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်အထိ မြန်မာနိုင်ငံ အတွင်း အခက်အခဲများကြုံတွေ့နေရ သဖြင့် ရှာဖွေကူညီကယ်တင်ပေးခဲ့သည့် နိုင်ငံခြားသား စုစုပေါင်း ၁၂၄၂ ဦးရှိပြီး ၎င်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြား သည်။

ယင်းနောက် ကြီးကြပ်ရေးလုပ်ငန်း ကော်မတီအဖွဲ့များနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ နှင့်သံတမန်များအကြား နိုင်ငံခြားသားများ အား ရှာဖွေကူညီကယ်တင်ခြင်း၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းခြင်း တို့ကို ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ နေရသည့် အခက်အခဲများနှင့် ဖြေရှင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အဂတိလိုက်စားမှုကျူးလွန်ရာမှ ရရှိလာသည့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့်ရုရှားဖက် ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (၂၀၂၄-၂၀၂၆) ကို ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၄ ရက်တွင် လက်မှတ် ရေးထိုးခဲ့ပြီး ယင်းအစီအစဉ်အရ "အဂတိ လိုက်စားမှုကျူးလွန်ရာမှ ရရှိလာသည့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေး ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ" နှင့် "အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ"ကို ယနေ့တွင် ရွှေနန်းတော် ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက Mr.BAZHUTOV Sergey – Head of the General Department of Criminal Court Proceedings ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ရွှေနန်းတော် ဟိုတယ် Lake View ခန်းမ၌ လက်ခံတွေ့ဆုံ ပြီး ရှေ့ဆက်ဆောင်ရွက်မည့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေး ကြသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ယခုကဲ့သို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကော်မရှင်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်လက်မှတ် ရေးထိုးခဲ့ခြင်းဖြင့် နိုင်ငံတကာ အတွေ့ အကြုံကောင်းများနှင့် သတင်းအချက် အလက်များဖလှယ်နိုင်ခြင်း၊ နိုင်ငံတကာ အဆင့်မီ နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများ ပူးပေါင်းကျင်းပနိုင်ခြင်း၊ အဂတိလိုက်စား မှုနှင့်စပ်လျဉ်းသည့် နိုင်ငံဖြတ်ကျော်မှုခင်း ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင် ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ Mr.BAZHUTOV Sergey က အမှာစကားပြောကြားသည်။



ဆက်လက်၍ ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပြည်ပတွင်ရောက်ရှိနေ သည့် အဂတိလိုက်စားမှုကျူးလွန်ရာမှ ရရှိ လာသည့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည် ရယူရေးတို့တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံများ နှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြား ရေးမှူးက အမျိုးသားအဆင့် အဂတိလိုက် စားမှုတိုက်ဖျက်ရေးဆိုင်ရာ Focal Point များဖွဲ့စည်းခြင်းနှင့် အဖွဲ့ပေါင်းစုံပါဝင် သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စား မှုတိုက်ဖျက်ရေး စကြံ်များတွင် နိုင်ငံ များအကြား ညှိနှိုင်းဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြ သည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ ရှေ့နေချုပ်ရုံးမှ Ms. SHIKHANOVA Anna – Senior Prosecutor က "International cooperation on detection of corruption crimes" နှင့်စပ်လျဉ်း၍လည်းကောင်း၊ Mr.GUDKOV Nikolay – Senior Prosecutor က Improvement of methods of countering crimes committed with the use of information and communication technologies and in the sphere of computer information, using digital traces to detect persons who commit such deeds" နှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ဧည့်သည်တော်များက သိရှိလိုသည်များ ကို မေးမြန်းဆွေးနွေးကြပြီး စကားဝိုင်း ဆွေးနွေးပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲတို့မှ ရရှိလာသည့် ရလဒ်များနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ညပိုင်းတွင် ရွှေနန်းတော်ဟိုတယ် Pool Side ခန်းမ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ Mr.BAZHUTOV Sergey ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရ သည်။

(၅၀၀)

## နေရာကျဲကျဲ မိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာ ကျဲကျဲမိုးရွာနိုင်ပါသည်။

(မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# SolarWinds Network Monitoring System နှင့်စပ်လျဉ်းသည့် အသိပညာများမျှဝေပေးခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော်  နိုဝင်ဘာ ၂၇

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် GNE Co.,Ltd. တို့ ပူးပေါင်းပြုလုပ်သည့် SolarWinds Network Monitoring System နှင့်စပ်လျဉ်းသည့် အသိပညာများမျှဝေပေးခြင်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ GNE Co.,Ltd. မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာန ရှစ်ခုမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ သင်တန်းသားများအနေဖြင့် နှစ်ရက်တာ နည်းပညာမျှဝေပွဲပြီးဆုံးပါက SolarWinds Network Monitoring System နှင့် စပ်လျဉ်းသော အသုံးဝင်ပုံနှင့် အသုံးပြုပုံတို့ကို လက်တွေ့လေ့လာသိရှိနိုင်မည်ဖြစ်ပြီး အခြားသော Monitoring System Software များနှင့်အားသာချက်၊ အားနည်းချက်များကိုချိန်ဆ၍ ရွေးချယ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ e-Government လုပ်ငန်းစဉ်စနစ်ကို ထိရောက်စွာ အထောက်အကူပြုအကျိုးပြုနိုင်ရန်အားလုံး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ICT ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သည့်ဝန်ထမ်းများဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အထူးကြိုးစားသင်ယူသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း ပြောကြားပြီး GNE Co., Ltd. မှ Branch Office Manager က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းကာလမှာ နှစ်ရက်ခန့်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၃ ဦး တက်ရောက်ကြကြောင်း သိရသည်။ (ဗဟို)

# တောင်ကြီးမြို့တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော်  နိုဝင်ဘာ ၂၇

ဟိုတယ်နှင့်ခရီးသွားကဏ္ဍလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များကို ကောင်းမွန်စွာပြောဆိုဆက်ဆံနိုင်ရန် ရည်ရွယ်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက Royal Taunggyi Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးသန်းဦးလွင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ(ဟိုပုံး)မှ ကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရုရှားနိုင်ငံသားများသည် မြန်မာနိုင်ငံသို့ အလည်အပတ်သဘော၊ အလုပ်သဘော ခရီးစဉ်များ လာရောက်လျက်ရှိပြီး မြန်မာနိုင်ငံသို့လာရောက်သော ရုရှားနိုင်ငံသားများကို ရှမ်းပြည်နယ်သို့ ပိုမိုတိုးတက်ဝင်ရောက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ(ဟိုပုံး) ကျောင်းအုပ်ကြီးက သင်တန်းတွင်သင်ကြားပို့ချသည့် ရုရှားဘာသာစကားသင်ခန်းစာများနှင့်သင်ကြားပို့ချမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းကို နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးခွဲသို့သွားရောက်၍ ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသည့်အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံ၍လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဗိုးရှင်းဟိုတယ်သို့ သွားရောက်ကာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်း ဖွင့်လှစ်သင်ကြားနေမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဗဟို)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဒီဇင်ဘာလ ၂ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်


နေပြည်တော်  နိုဝင်ဘာ ၂၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ အားကစားနည်းအလိုက် အားကစားပြိုင်ပွဲများတွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ၆ နည်း၌ အုပ်ချုပ်သူ/နည်းပြ၊ အားကစားသမား၂၅၀၀ ကျော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၌ အုပ်ချုပ်သူ/နည်းပြ၊ အားကစားသမား ၆၆၀၀ ကျော်၊ မသန်စွမ်းအားကစားနည်း ၄ နည်း၌ အုပ်ချုပ်သူ/နည်းပြ၊ အားကစားသမား ၁၆၀ ကျော် စုစုပေါင်းအင်အား ၉၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်းဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာလ၂ ရက်တွင် အုပ်စုပတ်လည်ပွဲစဉ်များ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ဝန်ကြီးဌာနများမှ ငါးသင်း သုံးအုပ်စုနှင့် ၄ သင်းတစ်အုပ်စု စုစုပေါင်း ၁၉ သင်းတို့မှ ပေါင်းလောင်းကွင်း၊ ရွှေကြာပင်ကွင်းနှင့် လယ်ဝေး TC-2 ကွင်းတို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်အဖွင့်ပွဲစဉ်အဖြစ် ဒီဇင်ဘာလ ၂ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။

ကျော်လွင်(မြဝတီ)




# မကွေးမြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး(၁၆)ရက်တာလှုပ်ရှားမှုအခမ်းအနားကျင်းပ

မကွေး  နိုဝင်ဘာ ၂၇

၂၀၂၄ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

